# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၈) ရက် ၊ အင်္ဂါနေ့ ၊ (28-3-2023) ၊ အတွဲ (၃၁)၊ အမှတ် (၃၃၂)



ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် မတ် ၂၇**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက် ယနေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူကြပြီး ယန္တရားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ဇော်ထွန်းဦး ဦးဆောင်၍ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ⇒**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ရတနာပုံ
၂၀၁၂ ခုနှစ် မတ် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ပလတ်စတစ်စွန့်ပစ်အမှိုက်အန္တရာယ်

ပလတ်စတစ်သည် လူတို့၏နေ့စဉ်သုံးစွဲနေသော၊ အသုံးပြုနေသော ပစ္စည်းဖြစ်သော်လည်း မျက်မှောက်ကာလတွင် ပလတ်စတစ်ညစ်ညမ်းမှုကြောင့် လူနှင့်တိရစ္ဆာန်တို့သာမက ဂေဟစနစ်တစ်ခုလုံးကို ဘေးဥပဒ်ပေးနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာတစ်ရပ်ဖြစ်လာသည်။ ပလတ်စတစ်၏ အဓိကပြဿနာမှာ စက္ကူ၊ သစ်ရွက်အမှိုက် စသည်တို့ကဲ့သို့ ဆွေးမြည့်လွယ်သော ပစ္စည်းမျိုးမဟုတ်ဘဲ နှစ်ပေါင်းများစွာတည်မြဲနေခြင်းကြောင့်ဖြစ်သည်။

ထို့ပြင် ပလတ်စတစ်သည် မြေကြီးအတွင်းဖြစ်စေ၊ ရေထုအတွင်းဖြစ်စေ ကြာရှည်စွာတည်မြဲနေပြီး အခြားသောဓာတ်ပစ္စည်းများနှင့် ဓာတ်ပြုကာ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် ဒြပ်ပေါင်းများထွက်ရှိခြင်း၊ ပလတ်စတစ်အမှိုက်ကြောင့် ရေနေသတ္တဝါများသေဆုံးကြရပြီး ဂေဟစနစ်များပျက်စီးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ လူတို့အနေဖြင့်လည်း ပလတ်စတစ်ကို စားသောက်ဖွယ်ရာများထည့်၍ စားသုံးခြင်း၊ အထူးသဖြင့် လက်ဖက်ရည်၊ ဟင်းရည်ပူများကို ပါဆယ်အဖြစ်သယ်ယူစားသုံးခြင်းက လူတို့အတွက် အန္တရာယ်ဖြစ်စေသည်။

သမုဒ္ဒရာအတွင်း မျောပါလျက်ရှိသော ပလတ်စတစ်စွန့်ပစ်အမှိုက်များ၏ပမာဏသည် မက်ထရစ်တန်ချိန် ၄ ဒသမ ၈ သန်းနှင့် ၁၂ ဒသမ ၇ သန်းကြားရှိကြောင်း၊ သမုဒ္ဒရာအတွင်းရှိ ဂေဟစနစ်ကိုပျက်စီးစေသည့် စွန့်ပစ်ပစ္စည်းများ၏ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းသည် ပလတ်စတစ်အမှိုက်များဖြစ်ကြောင်း သုတေသနစစ်တမ်းများအရ သိရသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်များရောက်ရှိနေမှုကို မထိန်းချုပ်နိုင်ပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပင်လယ်သမုဒ္ဒရာနေ သတ္တဝါမျိုးစိတ်ပမာဏထက် ပလတ်စတစ်ပမာဏက ပိုမိုများလာနိုင်ကြောင်း ပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက သတိပေးထားသည်။

ကမ္ဘာ့နိုင်ငံတချို့သည် ပလတ်စတစ်အသုံးပြုမှုအပေါ် နည်းအမျိုးမျိုးဖြင့် တားမြစ်ပိတ်ပင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းချုပ်သည့်အနေဖြင့် ပလတ်စတစ်အသုံးပြုမှု၊ ပလတ်စတစ်ထုပ်ပိုးပစ္စည်းများ တွင်တွင်ကျယ်ကျယ်အသုံးပြုနေမှုများကို လျှော့ချရန်လိုပေသည်။ ထို့ပြင် ပလတ်စတစ်ပစ္စည်းများကို တတ်နိုင်သမျှ ပြန်လည်ပြုပြင်သုံးစွဲခြင်း၊ လူသုံးကုန်ပစ္စည်းများအဖြစ် ပြန်လည်ထုတ်လုပ်ခြင်းတို့ကို လုပ်ဆောင်လာကြသည်ကို တွေ့ရသည်။

ပလတ်စတစ်ထုတ်ကုန်များသည် ဈေးသက်သာပြီး ထုပ်ပိုးရန်လွယ်ကူသော်လည်း ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၊ ဈေးဝယ်ထွက်လျှင် ဈေးဝယ်ဆွဲခြင်းများအသုံးပြုခြင်း၊ အလွယ်တကူဆွေးမြည့်နိုင်သော ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုခြင်းဖြင့် ပလတ်စတစ်ပစ္စည်းများသုံးစွဲမှုကို လျှော့ချသင့်ပေသည်။

သို့ဖြစ်ရာ ပလတ်စတစ်သည် လူတို့နေ့စဉ်သုံးစွဲနေသော မရှိမဖြစ်ပစ္စည်းဖြစ်သော်လည်း မိုးကာလသို့ရောက်ရှိလျှင် လူတို့စွန့်ပစ်လိုက်သော ပလတ်စတစ်အမှိုက်သည် ရေမြောင်းများကို ပိတ်ဆို့စေရုံသာမက ထိုမှတစ်ဆင့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာအတွင်းသို့ ရောက်ရှိသွားပါက ရေနေသတ္တဝါမျိုးစိတ်များကို အန္တရာယ်ဖြစ်စေသည်။ ထို့ကြောင့် လူတို့အနေဖြင့် ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှုကို သတိ၊ အသိတို့ဖြင့် ဆင်ခြင်သုံးစွဲစွန့်ပစ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ပဲယဉ်းနှင့် ပဲကျား အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေ



**မန္တလေး မတ် ၂၇**

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ပဲယဉ်းနှင့်ပဲကျား အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခုလက်ရှိ ပဲယဉ်းနှင့် ပဲကျားများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ပဲယဉ်းနှင့် ပဲကျားကို မန္တလေးဈေးကွက်အတွင်းသာမက အခြားမြို့ကြီးများကလည်း မှာယူမှု များပြားလာသောကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းမှာ မတ် ၂၀ ရက်က ပဲယဉ်း သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၅၀၀၀၀ ပဲ ပေါက်ဈေးရှိတယ်။ အခုလတ်တလော ပဲယဉ်း အရောင်းအဝယ်ပြန်ပြီး ကောင်းလာတာကြောင့် ဒီနေ့မှာတော့ ပဲယဉ်း သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း မတ် ၂၀ ရက် ပေါက်ဈေးအရ ပဲကျား သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုလက်ရှိ ပဲကျားများ ဈေးကွက်အတွင်း အရောင်းအဝယ်ပြန်ကောင်းလာသဖြင့် ယနေ့တွင် ပဲကျား ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(TW)မှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ကုလားပဲ(V2)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၃၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းများတင်ပို့သည့်သင်္ဘော များပြားလာ

**မန္တလေး မတ် ၂၇**

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ ပရိဘောဂပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများတင်ပို့သည့်သင်္ဘော အစီးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ်ရေလမ်းကြောင်းအတိုင်း ဗန်းမော်ဆိပ်ကမ်းမှ မရမ်းခြံဆိပ်ကမ်းသို့ စားသောက်ကုန်၊ အဝတ်အထည်၊ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့မှု များပြားလာကြောင်း၊ အဆိုပါကုန်စည်များထဲတွင် ယခုအခါ အဝတ်အထည်၊ ပရိဘောဂပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့မှုအများဆုံးဖြစ်နေကြောင်း သိရသည်။

"သင်္ကြန်ကာလရောက်ရင် လုပ်ငန်းတချို့ ယာယီရပ်နားထားကြမှာဖြစ်လို့ တရုတ်နိုင်ငံဘက်က နေတင်သွင်းတဲ့ အဝတ်အထည်တွေ၊ ပရိဘောဂပစ္စည်းတွေ၊ လူသုံးကုန်နဲ့ အလှကုန်ပစ္စည်းတွေကို မှာယူမှု တော်တော်လေးများလာတယ်။ ဒါကြောင့် ရောဝတီမြစ်ရေလမ်းကြောင်းကနေတစ်ဆင့် ဗန်းမော်ဘက်ကနေ မရမ်းခြံဆိပ်ကမ်းကို တင်ပို့တဲ့ကုန်တင်သင်္ဘောတွေလဲ အခုတော်တော်လေးများလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ လူသုံးကုန်နှင့် ပရိဘောဂပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘော အစီးရေမှာ မတ်လ ပထမပတ်က အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း မတ်လ တတိယပတ်မှစ၍ ကုန်ပစ္စည်းတင်ပို့သည့် သင်္ဘော အစီးရေ ၁၀၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်သုံးမြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်

**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်သုံးမြို့နယ်ရှိ တောင်သူများကို JICA (Two Step Loan) ချေးငွေဖြင့် လယ်ယာသုံး စက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့ရှိ တောင်သူများကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ရန်၊ တောင်သူများ၏ လုပ်ငန်းခွင်များတွင် လျင်မြန်ချောမွေ့ပြီး လုပ်ငန်းများ တွင်ကျယ်လာစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ပူးပေါင်း၍ လယ်ယာသုံး စက်ကိရိယာ ထွန်စက်ကြီးသုံးစီးကို တောင်သူများ လိုအပ်ချက်ရှိသည့် စက်အမျိုးအစားအလိုက် မတ်လ နောက်ဆုံးပတ်အတွင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေ လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို အသွင်ကူးပြောင်းလာနိုင်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးနေတာပါ။ ဒါမှလဲ တောင်သူတွေရဲ့ဘဝဟာ ဖွံ့ဖြိုးတိုးတက်ပြီးတော့ အဆင့်အတန်း မြင့်မားလာမှာပါ။ အရစ်ကျစနစ်နဲ့ အများဆုံး ငါးနှစ်၊ အနည်းဆုံး သုံးနှစ်ပါ။ ဒီလ နောက်ဆုံးပတ်အတွင်းမှာ လယ်ယာသုံး စက်ကိရိယာ ထွန်စက်ကြီးသုံးစီးကို ရောင်းချပေးမှာပါ။ တောင်သူတွေအနေနဲ့ မိမိတို့ရဲ့ လယ်ယာလုပ်ငန်းခွင်မှာ အဆင်ပြေစွာ အသုံးပြုနိုင်မဲ့ စက်အမျိုးအစားတွေကို ဝယ်ယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်သည့်အတွက် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် အချိန်တိုအတွင်း ထွန်ယက်နိုင်သည့်အပြင် အချိန်မီလည်း စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နျူကလီးယားနည်းပညာနှင့် လူသားအကျိုးပြုလုပ်ငန်းများ အပိုင်း(၂)

ပါမောက္ခကိုကိုအောင်



**နျူကလီးယားစွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ**

ကမ္ဘာပေါ်တွင် လက်ရှိအားဖြင့် နျူကလီးယားဓာတ်ပေါင်းဖို ၄၃၄ လုံးကိုအသုံးပြုကာ တစ်ကမ္ဘာလုံးလျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၁၆ ရာခိုင်နှုန်းကို ဖြည့်ဆည်းထုတ်လုပ်ပေးလျက်ရှိနေကြသည်။ အမေရိကန်နိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံ ၁၀၄ ရုံရှိနေပြီး ပြင်သစ်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံ ၅၈ ရုံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ၃၂ ရုံ၊ တောင်ကိုရီးယားနိုင်ငံတွင် ၂၁ ရုံ၊ ကနေဒါနိုင်ငံတွင် ၁၇ ရုံ၊ ယူကရိန်းနိုင်ငံတွင် ၁၅ ရုံ စသည်ဖြင့် အသီးသီးလည်ပတ်လျက်ရှိနေကြသည်။

အမေရိကန်နိုင်ငံတွင် ပြည်နယ်ပေါင်း ၃၀ ကျော်၌ နျူကလီးယားစွမ်းအင်မှထုတ်လုပ်သောလျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲလျက်ရှိနေကြသည်။ ၎င်းတို့အနက် ပြည်နယ်ခုနစ်ခု၌ သုံးစွဲနေသောလျှပ်စစ်ဓာတ်အား စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းသည် နျူကလီးယားဓာတ်အားပေးစက်ရုံများမှ ပို့လွှတ်သော လျှပ်စစ်ဓာတ်အားများဖြစ်ကြသည်။ အမေရိကန်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အားဂီဂါဝပ် ၈၀၀ ကျော်ကို နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ပေးလျက်ရှိနေသည်။

အလားတူပင် ပြင်သစ်နိုင်ငံသည်လည်း နျူကလီးယားစွမ်းအင်ကိုသုံး၍ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အားဂီဂါဝပ် ၄၀၀ ကျော်ကို ထုတ်လုပ်သုံးစွဲလျက်ရှိသည်။ နျူကလီးယားနည်းပညာအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံသည် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ ၇၅ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနေရသည်။ ရေနံလည်းမထွက်၊ ကျောက်မီးသွေးလည်း တူး၍မရသောပြင်သစ်နိုင်ငံသည် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များအနက် ရာခိုင်နှုန်းအများစုကို နျူကလီးယားနည်းပညာသုံး၍ ထုတ်လုပ်ရန်မှတစ်ပါး ရွေးချယ်ရန်လမ်းမရှိနိုင်ပေ။

အရပ်ဘက်သုံး နျူကလီးယားနည်းပညာဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နေကြသော နိုင်ငံများအလိုက် နိုင်ငံတချို့၏ နှစ်စဉ်ပျမ်းမျှထုတ်လုပ်မှုပမာဏများမှာ ဂျပန်နိုင်ငံက ဂီဂါဝပ် ၂၅၀၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံက ဂီဂါဝပ် ၁၅၀၊ တောင်ကိုရီးယားနိုင်ငံက ဂီဂါဝပ် ၁၄၀၊ ဂျာမနီနိုင်ငံက ဂီဂါဝပ် ၁၂၀၊ ကနေဒါနိုင်ငံက ဂီဂါဝပ် ၈၀၊ ယူကရိန်းနိုင်ငံက ၇၅ ဂီဂါဝပ်နှင့် အင်္ဂလန်နိုင်ငံက ဂီဂါဝပ် ၆၀ စသည်ဖြင့် အသီးသီးဖြစ်ကြသည်။

နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ကနဦးကုန်ကျစရိတ်အားဖြင့်ကြီးမားသော်လည်း ရေရှည်အကျိုးဖြစ်ထွန်းမှုကို အများအပြားရရှိစေနိုင်သည်။ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားပေးစက်ရုံပေါင်းများစွာတို့ထက် လျှပ်စစ်ဓာတ်အားကို ပိုမိုများပြားစွာထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။

ကနဦး တည်ဆောက်မှု စရိတ်စကနှင့် နည်းပညာအားဖြင့် အလွန်မြင့်မားသော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကုန်ကျစရိတ်အားဖြင့် အလွန်သက်သာသည့် နျူကလီးယားဓာတ်အားပေးစက်ရုံများသည် နေရာအကျယ်အဝန်း၊ လုပ်အားသုံးစွဲရမှုနှင့် အချိန်ယူရမှုတို့ကို များစွာလျော့ပါးသက်သာစေသည်။ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံကို တည်ဆောက်ရန် လိုအပ်သောမြေနေရာအကျယ်အဝန်းမှာ ၎င်းနှင့် ထပ်တူထပ်မျှလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သည့် သမားရိုးကျနည်းပညာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများစွာကို တည်ဆောက်ရန်လိုအပ်သော မြေနေရာအကျယ်အဝန်း၏အပုံ ၃၀ လျှင် တစ်ပုံမျှသာ ရှိနေသည်။

လုပ်အားသုံးစွဲရမှုအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား ဆတူထုတ်လုပ်ပေးနိုင်သည့်စက်ရုံများစွာတို့တွင် အသုံးပြုရမည့် လူအင်အား၏ ၃၀ ရာခိုင်နှုန်းမျှကိုသာ လိုအပ်သည်။ လျှပ်စစ်ဓာတ်အား ဆတူထုတ်လုပ်ပေးနိုင်သော သမားရိုးကျနည်းပညာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများစွာကို တည်ဆောက်ရမည့်အချိန်ကာလ၏ လေးပုံတစ်ပုံမျှဖြင့် နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံကို အပြီးသတ်တည်ဆောက်နိုင်သည်။

နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်ပေါင်းဖိုများတွင် လောင်စာချောင်းများ၏ အပူချိန်ကို လျှော့ချပေးနိုင်ရန်အတွက် Heavy Water ခေါ် ရေလေးကိုအသုံးပြုရသည်။ ရေလေးသည် မျက်မြင်နှင့် ထိတွေ့မှုအားဖြင့် အများသုံးရိုးရိုးရေနှင့်အတူတူပင်ဖြစ်သော်လည်း ရေဆူမှတ်နှင့် ရေခဲမှတ်များမှာမူ ရိုးရိုးရေထက် ပို၍မြင့်မားသည်။ ရိုးရိုးရေတွင် အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့ပါဝင်သော်လည်း ရေလေးတွင်မူ ဟိုက်ဒရိုဂျင်၏နေရာတွင် ဒျူတေရီယံပါဝင်မှုကြောင့် အများသုံးရိုးရိုးရေနှင့် နှိုင်းယှဉ်လျှင် ထုထည်ချင်းတူညီပါက အလေးချိန်အားဖြင့် ၁၀ ရာခိုင်နှုန်း ပိုမိုလေးလံသည့်အတွက် ရေလေးဟု ခေါ်ဆိုခြင်းဖြစ်သည်။

နျူကလီးယားလောင်စာချောင်းများ၏ အပူချိန်ကို လျှော့ချရာတွင် ရိုးရိုးရေကိုမသုံးဘဲ ရေလေးကိုသာ အသုံးပြုကြရသည်။ လောင်စာချောင်းများ၏ဓာတ်ပြုမှုအရှိန်ကို အတိုးအလျှော့ပြုလုပ်ရာတွင် အအေးခံရေအဖြစ် ရေလေးများကို ထည့်သွင်းထားသည့် ပြွန်များအတွင်းသို့ အပူချိန်ထိန်း ဘိုရွန်ကာဘိုက်ချောင်းများကို အသွင်းအထုတ်ပြုလုပ်ပေးရသည်။ နျူကလီးယားဓာတ်ပေါင်းဖိုများအတွက် ဓာတ်ခွဲခန်းမှ သီးသန့်ထုတ်လုပ်ပေးထားသော ရေလေးများကိုလည်းကောင်း၊ အပူချိန်ထိန်း ဘိုရွန်ကာဘိုက်ချောင်းများကိုလည်းကောင်း၊ နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ကာလကြာရှည်စွာဖြင့် တစ်ဆက်တစ်စပ်တည်းသုံးစွဲသွားနိုင်သည်။

နျူကလီးယားစွမ်းအင်ထုတ်လုပ်ရာတွင် အဓိကပစ္စည်းဖြစ်သည့် ယူရေနီယံလောင်စာချောင်းများကိုလည်း အကြိမ်ပေါင်းများစွာသော ဓာတ်ပြုမှုများအတွက် အသုံးချနိုင်သဖြင့် နျူကလီးယားဓာတ်အားပေးစက်ရုံ၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် သက်တမ်းကြာရှည်လာလေ ပို၍တွက်ခြေကိုက်လာလေဖြစ်သည်။ ယေဘုယျအားဖြင့် လျှပ်စစ်ဓာတ်အား တစ်ကီလိုဝပ်နာရီထုတ်လုပ်ရန်အတွက် လိုအပ်သောယူရေနီယံ၏ ကုန်ကျစရိတ်မှာ သုည ဒသမ ၂ ဆင့်သာဖြစ်သည့်အတွက် အလွန်သက်သာသောနှုန်းထားဖြင့် လျှပ်စစ်ဓာတ်အားများကို ပေးပို့ဖြန့်ဖြူးပေးနိုင်စွမ်းရှိသည်။

နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာတွင် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဓာတ်အားပမာဏအပေါ် မူတည်ပြီး ကုန်ကျစရိတ်များလည်း ခြားနားလျက်ရှိသည်။ ကနဦးတည်ဆောက်မှုစရိတ်စကအားဖြင့် ကြီးမားလွန်းလှသည်ဟုဆိုရာတွင် ၎င်းစက်ရုံများ၏ သဘောသဘာဝအရ လူနေမြို့ရွာများနှင့် အလွန်ဝေးကွာသောနေရာများကို ရွေးချယ်ကြရသည့်အတွက် ဝေးလံသီခေါင်သောနေရာချင်းတူစေကာမူ ပထဝီအနေအထားအရ လမ်းပန်းချောမွေ့သောဒေသနှင့် ဆက်သွယ်မှုခက်ခဲပြီး ကြမ်းတမ်းသော လမ်းခရီးကိုဖြတ်သန်းရသည့်ဒေသနှစ်ခုတွင် စွမ်းအင်ထုတ်လုပ်ပေးနိုင်မှု ပမာဏချင်းတူညီသော နျူကလီးယားဓာတ်အားပေးစက်ရုံများကိုတည်ဆောက်ရာ၌ စရိတ်စကမှာ များစွာကွာခြားသွားနိုင်သည်။

ထို့ကြောင့်ပင် တစ်ဂီဂါဝပ်လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံ၏တည်ဆောက်မှု ကုန်ကျစရိတ်သည် လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်သောနေရာများအတွက် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော်သာ ကုန်ကျမည်ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်မှုအလွန်ကြမ်းတမ်းခက်ခဲသော ဒေသများ၌မူ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့်ထိပင် ကုန်ကျနိုင်သည်။

ဤမျှ ကနဦးတည်ဆောက်မှု ကုန်ကျစရိတ်ကြီးမားလွန်းလှသော နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းများကို အကောင်အထည်ဖော်ကြရာတွင် အလွန်ချမ်းသာကြွယ်ဝသော မြီရှင်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံအများစုတို့မှာ ချေးငွေနှင့်နည်းပညာအကူအညီများကို ရယူပြီးမှသာ အကောင်အထည်ဖော်ကြရသည်။ သို့ရာတွင် လည်ပတ်မှုစရိတ်စက အလွန်သက်သာလှသောကြောင့် ထုတ်လုပ်ဖြန့်ဖြူးပေးလိုက်သည့် လျှပ်စစ်ဓာတ်အားခများဖြင့် စက်ရုံစတင်လည်ပတ်ပြီးနောက် ဆယ်စုနှစ် တစ်စုခန့်အတွင်းမှာပင် ချေးငွေ၏ရာခိုင်နှုန်းအများစုကို ပြန်လည်ပေးဆပ်နိုင်စွမ်းရှိကြသည်။

**ပြောင်းလဲလာသော နျူကလီးယားဓာတ်အားပေးစက်ရုံများ**

မျက်မှောက်ကာလတွင် ပြောင်းလဲတိုးတက်လာသော နည်းပညာများကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာတွင် ကုန်ကျစရိတ်များလျော့ပါးသက်သာလာသကဲ့သို့ တည်ဆောက်မှုအချိန်ကာလလည်းပို၍ တိုတောင်းလာပြီဖြစ်သည်။ ထို့ပြင် သမားရိုးကျဓာတ်အားပေးစက်ရုံအရွယ်အစားလောက် ထုထည်ပမာဏမကြီးမားသော အလတ်စားနှင့်အငယ်စား နျူကလီးယားဓာတ်အားပေးစက်ရုံများကိုလည်း တည်ဆောက်လာနိုင်ပြီဖြစ်သည်။

အလတ်စား နျူကလီးယားဓာတ်အားပေးစက်ရုံများသည် လျှပ်စစ်ဓာတ်အား မီဂါဝပ် ၄၀၀ ခန့်ထိ ထုတ်လုပ်ပေးနိုင်စွမ်းရှိပြီး အငယ်စားနျူကလီးယားဓာတ်အားပေးစက်ရုံများကမူ လျှပ်စစ်ဓာတ်အားမီဂါဝပ် ၁၀၀ ကျော်ထုတ်လုပ်ပေးနိုင်စွမ်းရှိကြသည်။ အလတ်စားနှင့်အငယ်စားဓာတ်အားပေးစက်ရုံများဟု ဆိုသော်လည်း အကယ်၍ လျှပ်စစ်ဓာတ်အားထပ်မံတိုးချဲ့ထုတ်လုပ်လိုသည့်အခါ မူလစက်ရုံများကိုပင် ထပ်ဆင့်တိုးချဲ့နိုင်အောင် ပုံစံထုတ်ပေးထားခြင်းဖြစ်သည်။

အငယ်စား နျူကလီးယားဓာတ်အားပေးစက်ရုံအတွက် စက်ပစ္စည်းအစိတ်အပိုင်းများကို ရထားဖြင့် သယ်ဆောင်သွားနိုင်ပြီး စက်ရုံတည်ဆောက်မည့်နေရာတွင် လွယ်လင့်တကူချိတ်ဆက်တပ်ဆင်ခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားမီဂါဝပ် ၁၀၀ ကျော်ထုတ်လုပ်ပေးနိုင်သော စက်ရုံများဖြစ်လာကြမည်ဖြစ်သည်။ အငယ်စားနျူကလီးယား ဓာတ်အားပေးစက်ရုံများသည် တည်ဆောက်တပ်ဆင်ပြီးနောက် လုပ်ငန်းစတင်လည်ပတ်သည်မှ သုံးနှစ်တာကာလအတွင်း ပြင်ဆင်ထိန်းသိမ်းမှုလုံးဝပြုလုပ်စရာမလိုသော ခေတ်သစ်ပုံစံများဖြစ်ကြသည်။

နျူကလီးယားနည်းပညာအရ အဏုမြူစွမ်းအင်ရရှိရေးအတွက် ယူရေနီယံနျူကလိယပ်စ်များကအင်အားပမာဏအလွန်ကြီးမားသော အပူဓာတ်ကိုထုတ်ပေးသည်ဖြစ်ရာ ထိုမျှမြင့်မားသောအပူချိန်ကိုလျှော့ချနိုင်ရေးအတွက် သမားရိုးကျနျူကလီးယားဓာတ်အားပေးစက်ရုံများကဲ့သို့ ဘိုရွန်ကာဘိုက်ချောင်းနှင့် ရေလေးတို့ကိုအသုံးပြုရန် မလိုအပ်သောခေတ်သစ်နည်းပညာသည် ဓာတ်အားပေးစက်အရွယ်အစားကို များစွာကျုံ့သွားစေခဲ့သည်။

ထို့ပြင် နျူကလိယပ်စ်တစ်ခုမှ နျူထရွန်များစွာတိုးပွားဖြစ်ပေါ်လာစေသည့်ဆင့်ကဲဖြစ်စဉ်ကို ရီဖလက်တာများဖြင့် လုပ်ဆောင်စေသည့် နည်းပညာသစ်ဖြစ်သောကြောင့် အကယ်၍တစ်စုံတစ်ခုသောအကြောင်းကြောင့် နျူကလီးယားဆင့်ကဲဓာတ်ပြုဖြစ်စဉ်ကို ရပ်ဆိုင်းလိုပါက ရီဖလက်တာများကို ဖယ်ရှားလိုက်သည်နှင့် ချက်ချင်းရပ်တန့်သွားလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်ပင် ခေတ်သစ်နည်းပညာသုံး နျူကလီးယားဓာတ်အားပေးစက်ရုံများသည် အန္တရာယ်ဖြစ်နိုင်ခြေ အလွန်နည်းပါးသွားလိမ့်မည်ဖြစ်ပေသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲများကို အကန့်အသတ်စနစ်(Quota)ဖြင့်သာ တင်ပို့သွားမည်

**ရန်ကုန် မတ် ၂၇**

လာမည့်၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်မှစ၍ ပြည်ပသို့ မြန်မာဆန်နှင့် ဆန်ကွဲများကို အကန့်အသတ်စနစ် (Quota)ဖြင့်သာ တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်က ပြောပြ၍ သိရသည်။

ထိုသို့ အကန့်အသတ်စနစ်ဖြင့် တင်ပို့ရခြင်းမှာ ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်စေရန်နှင့် ဆန်ပိုလျှံသောဒေသနှင့် ဆန်လိုအပ်သည့် ဒေသများကြား ဆန်စီးဆင်းမှုပုံမှန်ဖြစ်စေရန်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းမှာ ဆန်စပါးဈေးနှုန်းတွေ တည်ငြိမ်ဖို့နဲ့ ဈေးကွက်ရှိတဲ့ဒေသတွေကို ဆန်တင်ပို့မှုမဖြစ်စေဘဲနဲ့ ဆန်ပိုလျှံတဲ့ဒေသကနေ ဆန်လိုအပ်တဲ့ ဒေသတွေဆီကို ဆန်စီးဆင်းမှု မှန်ကန်ဖို့အတွက် ဖြစ်ပါတယ်။ ဒီအတွက် ပြည်ပကို ဆန်နဲ့ ဆန်ကွဲတွေ တင်ပို့ရာမှာ အကန့်အသတ်စနစ်(Quota)နဲ့ တင်ပို့ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ အကန့်အသတ်စနစ်နဲ့ဆိုရင်တော့ တစ်လကို ဆန်နဲ့ ဆန်ကွဲတန်ချိန် ၁၀၀၀၀၀၊ ၁၅၀၀၀၀ လောက်ပဲ တင်ပို့နိုင်မယ်လို့ မှန်းဆရပါတယ်" ဟု ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်က ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ကာလအတွင်း ဆန်နှင့် ဆန်ကွဲ တင်ပို့ထားမှုမှာ မက်ထရစ်တန်ချိန် ၂ ဒသမ ၀၉၉ သန်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိ ဆန်တန်ချိန် ၂ ဒသမ ၁ သန်းကျော်ကို ပြည်ပတင်ပို့နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ASH



# မင်းပြားမြို့နယ် သင်းပေါင်းချောင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းပြီးစီးမှု စစ်ဆေး

**မင်းပြား မတ် ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သင်းပေါင်းချောင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သင်းပေါင်းချောင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ကျေးရွာရေရရှိရေးကော်မတီဝင်များအား ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မင်းပြားမြို့နယ် သင်းပေါင်းချောင်းကျေးရွာ၌ အလျားပေ ၈၀၊ အနံပေ ၈၀၊ အနက်လေးပေ မြေသားရေကန် တူးဖော်ခြင်းနှင့် အရှည်ပေ ၆၅၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၇ ဒသမ ၈၇၅ သန်းဖြင့် အိဖြိုးဖြိုးကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၄၄ အိမ်၊ လူ ၇၇၂ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

## ပညာပြည့်ဝ နှလုံးလှ

\- စာပေကို အမြတ်တနိုးနဲ့
တန်ဖိုးထား လေ့လာပါ၊
အသိပညာ ဗဟုသုတ
ကြွယ်ဝဝေဖြာ၊
လူမခိုးသည့် မြတ်ပညာ
ရွှေအိုးပမာ တန်ဖိုးရှိ၊
လောကအလယ် ဂုဏ်ထင်ရှား
ကြီးမားပါဘိ။

\- အမှားအမှန် ခွဲခြားသိဖို့
မပျင်းရိနဲ့ လူငယ်တွေ၊
အားလပ်ချိန် စာကိုဖတ်လို့
မှတ်သားကာနေ၊
သုတရသ အထွေထွေ
ပြည့်စုံပေ စိတ်ခွန်အား၊
လိုရာကို ခရီးရောက်လို့
ထွန်းတောက်စေသား။

\- အမျိုးဘာသာ စာပေများ
ထွန်းကားဖို့ ဆိုပါလျှင်၊
ပညာကို တန်ဖိုးထား
ကြိုးစားလို့သင်၊
နှလုံးလှလို့ စိတ်ဖြူစင်
အနာဂတ်တွင် ပန်းလိုမွှေး၊
ပညာအမွေ လက်ဆင့်ကမ်းဖို့
ကြိုးပမ်းစို့လေး။ ။

**မင်းဝေအောင်(ရဲကျွန်း)**

# ဟိုပုန်းမြို့နယ် နောင်ဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုန်း မတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က နောင်ဒေးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ကြည်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နောင်ဒေးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ရိုင်**

# နိုင်ငံတကာ သတင်းများ

## အရှေ့ဘက်ကမ်းရိုးတန်းသို့ တာတိုပစ်ဒုံးကျည်နှစ်စင်း မြောက်ကိုရီးယားနိုင်ငံပစ်လွှတ်

**ပြုံယမ်း မတ် ၂၇**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့နံနက်ပိုင်းတွင် အရှေ့ဘက် ကမ်းရိုးတန်း ကမ်းလွန်ရေပြင် အတွင်းသို့ တာတိုပစ်ဒုံးကျည် နှစ်စင်းပစ်လွှတ်ခဲ့ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယား နိုင်ငံသို့ အမေရိကန်ရေတပ် လေယာဉ်တင် သင်္ဘောတစ်စီး ရောက်ရှိလာတော့မည့်အချိန်တွင် မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည်များပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံမြောက်ဝန်ဟေးပြည်နယ်မှပစ်လွှတ်ခဲ့သော တာတိုပစ် ဒုံးကျည်နှစ်စင်းသည် အကွာအဝေး မိုင် ၂၃၀ ထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယား စစ်ဘက်က ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့အတူ မြောက်ကိုရီးယား ဒုံးကျည်နှစ်စင်းမှာ ဂျပန်နိုင်ငံ၏ အထူးစီးပွားရေး ရေပြင်ဇုန်ပြင်ပသို့ကျရောက်ခဲ့ဖွယ်ရှိကြောင်း ဂျပန်တာဝန်ရှိသူများကလည်း ပြောကြားထားသည်။

အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်နီမစ်ဇ် လေယာဉ်တင် သင်္ဘောသည် မတ် ၂၈ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆူဆန်မြို့ရေတပ်ဆိပ်ကမ်းတစ်ခုသို့ ဆိုက်ကပ်ရန်စီစဉ်ထားသည်။

မြောက်ကိုရီးယား နိုင်ငံ၏ ယနေ့ဒုံးကျည်ပစ်လွှတ်မှုကို ဒေသတွင်း တည်ငြိမ်မှုထိခိုက်စေမည့် လုပ်ရပ်အဖြစ် တောင်ကိုရီးယားနှင့် ဂျပန်တို့က ဝေဖန်ထားကြောင်း သိရသည်။

KKO



## တရုတ်(ထိုင်ပေ)သမ္မတဟောင်း မာရင်ကျိုး တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ရောက်ရှိ



**ရှန်ဟိုင်း မတ် ၂၇**

တရုတ်(ထိုင်ပေ)သမ္မတဟောင်း မာရင်ကျိုးသည် ယနေ့တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်(ထိုင်ပေ)သမ္မတဟောင်း မာရင်ကျိုးသည် ယနေ့တွင် စတင်ရောက်ရှိပြီး ဧပြီ ၇ ရက်ထိ တရုတ်နိုင်ငံ၌ ရှိနေမည်ဖြစ်သည်။

ယခုခရီးစဉ်အတွင်း တရုတ်(ထိုင်ပေ)ရေလက်ကြားငြိမ်းချမ်းရေးကိုဆောင်ကြဉ်းနိုင်ရန်နှင့် ရေလက်ကြားတစ်ဖက်တစ်ချက်ဆက်ဆံရေးကိုမြှင့်တင်နိုင်ရန် မိမိမျှော်လင့်ထားကြောင်း မာရင်ကျိုးကပြောကြားထားသည်။

တရုတ်(ထိုင်ပေ)သမ္မတဟောင်း မာရင်ကျိုးသည် တရုတ်ပြည်တွင်းစစ် ပြီးဆုံးချိန် ၁၉၄၉ ခုနှစ်နောက်ပိုင်း တရုတ်ပြည်မကြီးသို့ သွားရောက်ခဲ့သည့် ပထမဆုံး တရုတ်(ထိုင်ပေ) ခေါင်းဆောင်ဖြစ်သည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ တရုတ်(ထိုင်ပေ) သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မာရင်ကျိုးသည်၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။

တရုတ်ပြည်မကြီးနှင့် တရုတ်(ထိုင်ပေ)တို့အကြား ဆက်ဆံရေး တင်းမာနေချိန်တွင် တရုတ်(ထိုင်ပေ)သမ္မတဟောင်း မာရင်ကျိုးက ၁၂ ရက်ကြာ တရုတ်ခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## တောင်တရုတ်ပင်လယ် ရုရှားဓာတ်ငွေ့လုပ်ကွက်များအတွင်း ဝင်လာသည့် တရုတ်သင်္ဘောကို ဗီယက်နမ်သင်္ဘော စောင့်ကြည့်ခဲ့ရ

**ဟနွိုင်း မတ် ၂၇**

ဗီယက်နမ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်အထူးစီးပွားရေးပြင်ဇုန်အတွင်းရှိ သဘာဝဓာတ်ငွေ့ရှာဖွေရေး လုပ်ကွက်တစ်ခု၌ ဗီယက်နမ်သင်္ဘောတစ်စီးက တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောတစ်စီးကို မတ် ၂၅ ရက်တွင် ခြေရာခံစောင့်ကြည့်ခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ် ကမ်းခြေစောင့်တပ် သင်္ဘောများသည် ၂၀၂၂ ခုနှစ်ဇန်နဝါရီလမှစ၍ လက်ရှိအချိန်အထိ ဗီယက်နမ်အထူးစီးပွားရေးရေပြင်ဇုန်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ကွက်များ အတွင်းသို့ အကြိမ်ရေ ၄၀ ခန့်ထိ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေး လုပ်ကွက်များသည် ရုရှားကုမ္ပဏီများ လုပ်ငန်းလုပ်ဆောင်နေသော သို့မဟုတ် စွမ်းအင်ရှာဖွေတူးဖော်ခွင့်ရရှိထားသော လုပ်ကွက်များဖြစ်ကြသည်။

အထူးစီးပွားရေး ရေပြင်ဇုန်များသည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာပိုင်စိုးမှုရှိရာ နယ်မြေများမဟုတ်သလို ယင်းရေပြင် ဇုန်များအတွင်း အခြားနိုင်ငံများမှသင်္ဘောများ ဝင်ရောက်ဖြတ်သန်းမှုကိုလည်း နိုင်ငံတကာဥပဒေများအရ ပိတ်ပင်ထားခြင်း မရှိကြောင်း သိရသည်။

သို့သော် ၎င်းတို့၏ အထူးစီးပွားရေးရေပြင်ဇုန်များအတွင်းသို့ တရုတ်ကမ်းခြေစောင့်တပ် သင်္ဘောများ ဝင်ရောက်မှု ရပ်တန့်ပေးရန် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့က တရုတ်နိုင်ငံကို တောင်းဆိုထားကြသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ဒေသ တစ်ခုလုံးနီးပါးကို ၎င်းအချုပ်အခြာပိုင်စိုးခွင့်ရှိသည့် ရေပြင်ဒေသအဖြစ်ပိုင်ဆိုင်ခွင့်တောင်းဆိုထားသလို ဗီယက်နမ်အပါအဝင်ဒေသတွင်း အရှေ့တောင်အာရှ နိုင်ငံအချို့ကလည်း ယင်းရေပြင်ဒေသကို တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ခွင့်ရရေးအတွက် အပြိုင် တောင်းဆိုထားကြောင်း သိရသည်။

KKO

## အင်ဒိုနီးရှားနိုင်ငံ၌ ရေနံတင်သင်္ဘောမီးလောင် ရေယာဉ်ဝန်ထမ်းနှစ်ဦးသေဆုံး၍ တစ်ဦးပျောက်ဆုံး

**ဂျကာတာ မတ် ၂၇**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းနှင့် လွမ်းဘော့ခ်ကျွန်းရေနံဆိပ်ကမ်းများဆီသို့ လောင်စာဆီများသယ်ဆောင်လာသည့် ရေနံတင်သင်္ဘောတစ်စီးပေါ်၌ မတ် ၂၆ ရက်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ရေယာဉ်အမှုထမ်းနှစ်ဦးသေဆုံး၍ တစ်ဦး ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမ်တီခရစ္စတင်း အမည်ရှိ အဆိုပါ ရေနံတင်သင်္ဘောသည် ရေယာဉ်ဝန်ထမ်း ၁၇ ဦးနှင့် လောင်စာဆီအမြောက်အမြား သယ်ဆောင်ထားကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သော်လည်း အမ်တီခရစ္စတင်းရေနံတင်သင်္ဘော၌ လောင်စာဆီယိုစိမ့်မှုမရှိခဲ့ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများ၏ အဆိုအရသိရသည်။

လက်ရှိအချိန်တွင် အမ်တီခရစ္စတင်း ရေနံတင်သင်္ဘောကို လုံခြုံမှုရှိသည့် အနီးဆုံးဆိပ်ကမ်းသို့ ဆွဲသင်္ဘောများက ဆွဲယူသွားပြီဖြစ်ကြောင်း နိုင်ငံပိုင် ပါတာမီနာ စွမ်းအင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အမ်တီခရစ္စတင်း ရေနံတင်သင်္ဘော မီးလောင်ခဲ့သော်လည်း ဘာလီကျွန်းနှင့် လွမ်းဘော့ခ်ကျွန်း ရေနံဆိပ်ကမ်းများ၌ လောင်စာဆီ အလုံအလောက် သိုလှောင်ထားပြီးဖြစ်သည်ဟု ပါတာမီနာကုမ္ပဏီ ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် အခြားနေရာများသို့ ပို့ဆောင်မည့် လောင်စာဆီများကိုလည်း လမ်းလွှဲ၍ရယူထားမည်ဟု ပါတာမီနာကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ရာဟူးလ်ဂန္ဒီ အမတ်နေရာမှ ဖယ်ရှားခံရမှုကို ကန့်ကွက်သည့်အနေဖြင့် အိန္ဒိယအတိုက်အခံပါတီများမှအမတ်များ ဆန္ဒပြ

**ဒေလီ မတ် ၂၇**

အတိုက်အခံပါတီများမှ လွှတ်တော်အမတ်များ၏ ဆန္ဒပြပွဲကြောင့် အိန္ဒိယလွှတ်တော်၏ ယနေ့ဆွေးနွေးပွဲများ ပျက်ခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အတိုက်အခံ ကွန်ဂရက်ပါတီခေါင်းဆောင် ရာဟူးလ်ဂန္ဒီကို အိန္ဒိယအောက်လွှတ်တော်က အမတ်နေရာမှ မတ် ၂၄ရက်တွင် ဖယ်ရှားခဲ့မှုကို ကန့်ကွက်သည့်အနေဖြင့် အတိုက်အခံပါတီ ၁၈ ခုတို့၏ လွှတ်တော်အမတ်များက ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။




ထို့ပြင် အောက်လွှတ်တော်မှ ရာဟူးလ်ဂန္ဒီ ဖယ်ရှားခံခဲ့ရမှုအတွက် ကွန်ဂရက်ပါတီ ထောက်ခံသူများကလည်း ယနေ့တွင် နယူးဒေလီမြို့လယ်၌ ဆန္ဒပြခဲ့ကြရာ အများအပြားဖမ်းဆီးခံခဲ့ရသည်။

အတိုက်အခံ ခေါင်းဆောင် ရာဟူးလ်ဂန္ဒီကို တရားရုံးတစ်ရုံးက အသရေဖျက်မှုစွဲချက်ဖြင့် ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့ပြီးနောက် အိန္ဒိယအောက်လွှတ်တော်ကလည်း ရာဟူးလ်ဂန္ဒီကို လွှတ်တော်အမတ်အရည်အချင်း မပြည့်မီသူအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။

လွှတ်တော်အမတ်နေရာ ဆုံးရှုံးခဲ့ရမှုအတွက် မိမိအနေဖြင့် စိတ်အနှောင့်အယှက် မဖြစ်မိကြောင်း မိမိ၏တာဝန်မှာ အိန္ဒိယပြည်သူများ၏အကျိုးကို ဆောင်ရန်ဖြစ်ကြောင်း ရာဟူးလ်ဂန္ဒီကပြောကြားထားသည်။

အိန္ဒိယနိုင်ငံ၏ ဥပဒေများအရ ရာဇဝတ်မှုစွဲချက်ဖြင့် ထောင်ဒဏ်နှစ်နှစ်နှင့်အထက် ချမှတ်ခံထားရသူများကို လွှတ်တော်က အမတ်အရည်အချင်းမပြည့်မီသူအဖြစ် ကြေညာနိုင်ကြောင်းသိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက နှစ်စဉ်လွှတ်တင်နေသော အာကာသဒုံးပျံ အရေအတွက် ၁၀ နှစ်ကျော်အတွင်း လေးဆပိုများလာ



**ပေကျင်း မတ် ၂၇**

တရုတ်နိုင်ငံက နှစ်စဉ်လွှတ်တင်နေသော အာကာသဒုံးပျံအရေအတွက်သည် ၁၀ နှစ်ကျော်ကာလအတွင်း လေးဆပိုများလာကြောင်း Kyodo သတင်းဌာနက မတ် ၂၆ ရက်က ရေးသားတင်ပြထားသည်။

အာကာသအင်အားကြီးနိုင်ငံအဖြစ် ရည်မှန်းထားသည့် တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ဒုံးပျံလွှတ်တင်မှုပေါင်း ၆၂ ကြိမ်ထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဒုံးပျံလွှတ်တင်မှုပေါင်း ၁၇၇ ခုရှိခဲ့ရာ ၈၃ ကြိမ်ကို အမေရိကန်နိုင်ငံက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံက လွှတ်တင်ခဲ့သည့် ဒုံးပျံလွှတ်တင်မှု ၈၃ ကြိမ်အနက် ၆၁ ကြိမ်ကို Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ဒုံးပျံလွှတ်တင်မှု ၁၂ ကြိမ်သာရှိခဲ့သော်လည်း ပြီးခဲ့သည့် ၁၀ နှစ်တာအတွင်း လွှတ်တင်နိုင်သည့် ဒုံးပျံအရေအတွက်မှာ လေးဆထိ ပိုတိုးလာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၆၂ ကြိမ်ထိ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တွင် ကမ္ဘာပေါ်၌ ဒုံးပျံအများဆုံး လွှတ်တင်ခဲ့သောနိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

KKO

## One Web အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၃၆ စင်းကို အိန္ဒိယနိုင်ငံက LVM-3 ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့

**နယူးဒေလီ မတ် ၂၇**

ဗြိတိန်နိုင်ငံအခြေစိုက် One Web ဆက်သွယ်ရေးကုမ္ပဏီ၏ One Web အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၃၆ စင်းကို အိန္ဒိယနိုင်ငံက LVM-3 ဒုံးပျံဖြင့် မတ် ၂၆ ရက်က လွှတ်တင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၆ ရက်က ရေးသားတင်ပြထားသည်။

One Web ဂြိုဟ်တုများသယ်ဆောင်ထားသော LVM-3 ဒုံးပျံကို ဆာတစ်ရှ်ဒါဝန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မိနစ် ၉၀ ခန့်အကြာတွင် LVM-3 ဒုံးပျံသည် One Web ဂြိုဟ်တု ၃၆ စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း အိန္ဒိယအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် One Web ဂြိုဟ်တု ၃၆ စင်းသည် ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၂၈၀ အကွာရှိ ပတ်လမ်းပေါ်တွင်ရှိနေပြီး လာမည့်ရက်သတ္တပတ်များအတွင်း အမြင့် ၇၄၅ မိုင်တွင်ရှိသော ပတ်လမ်းပေါ်သို့ ကိုယ်ပိုင်ဒုံးကန်အားစနစ်များ အကူအညီဖြင့် ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။



မတ် ၂၆ ရက် One Web မစ်ရှင်သည် ၁၈ ကြိမ်မြောက် One Web မစ်ရှင်ဖြစ်ပြီး One Web အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက် နောက်ဆုံးမစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

LVM-3 ဒုံးပျံသည် အိန္ဒိယအာကာသအေဂျင်စီ၏ စွမ်းဆောင်ရည် အမြင့်ဆုံး ဒုံးပျံဖြစ်ပြီး အလေးချိန် ကီလိုဂရမ် ၈၀၀၀ ရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။ KKO

## PBCJ 2333.9 ကြယ်စု၏ဗဟိုချက်ရှိ မဟာအာကာသတွင်းနက်က အရပ်မျက်နှာပြောင်းလဲခဲ့ပြီး လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်ဘက်သို့ မျက်နှာမူထား

**လန်ဒန် မတ် ၂၇**

PBCJ 2333.9 ကြယ်စု၏ ဗဟိုချက်ရှိ မဟာအာကာသတွင်းနက်သည် အရပ်မျက်နှာပြောင်းလဲခဲ့ပြီး လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်ဘက်သို့ မျက်နှာမူထားကြောင်း NDTV သတင်းဌာနက မတ် ၂၆ ရက်က ရေးသားတင်ပြထားသည်။

PBCJ 2333.9 ကြယ်စုသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၆၅၇ သန်းခန့်အကွာတွင် တည်ရှိနေသည့် ကြယ်စုဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဆိုပါကြယ်စု၏ မဟာအာကာသတွင်းနက်က ထုတ်လွှတ်နေသော ဖြာထွက်ရောင်ခြည်နှင့် စွမ်းအင်ဆောင် အမှုန်တန်းသည် အရပ်မျက်နှာပြောင်းလဲခဲ့ပြီး ကမ္ဘာမြေဘက်ဆီသို့ ဦးတည်ရာပြောင်းလာကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

PBCJ 2333.9 ကြယ်စုသည် ၉၀ ဒီဂရီထိ ပတ်ချာလည်ခဲ့ရာ လက်ရှိအချိန်တွင် အဆိုပါကြယ်စု၏ ဗဟိုချက်မှာ ကမ္ဘာမြေဘက်သို့ မျက်နှာမူထားကြောင်း သိရသည်။

အဆိုပါကြယ်စုသည် အခြားကြယ်စုတစ်စုနှင့် ဝင်တိုက်ခဲ့ပြီးနောက် ကြယ်စုဗဟိုချက်ရှိ မဟာအာကာသတွင်းနက် မျက်နှာမူရာ အရပ်ပြောင်းလဲသွားခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

အဆိုပါ ကြယ်စုဗဟိုချက်ရှိ မဟာအာကာသတွင်းနက် မျက်နှာမူရာ အရပ်ပြောင်းလဲမှုကြောင့် ကမ္ဘာမြေအတွက် မည်သို့သော အကျိုးသက်ရောက်မှုမျိုး ရှိနိုင်သည်ကို မသိရသေးကြောင်း သိရသည်။

KKO

# HEALTH

## အယ်ဇိုင်းမားရောဂါရှေ့ပြေးလက္ခဏာများကို မျက်လုံးများအတွင်း၌ ရှာတွေ့နိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၂၇**

အယ်ဇိုင်းမားရောဂါ၏ရှေ့ပြေးလက္ခဏာများကို မျက်လုံးများ၌ ရှာဖွေ တွေ့ရှိနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မတ် ၂၆ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဆီဒါဆိုင်းနိုင်း ဆေးသုတေသန အင်စတီကျူမှ သုတေသန ပညာရှင်များသည် ကွယ်လွန်သူ အယ်ဇိုင်းမားလူနာ ၈၆ ဦးတို့၏ ဦးနှောက်တစ်ရှူးများနှင့်မျက်လုံးများကို လေ့လာဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အဆိုပါလူနာများ၏ မျက်ကြောလွှာအတွင်းတွင် အမိလွိုက်ဘီတာ ၄၂ ခေါ် ပရိုတင်းတစ်မျိုးတည်ရှိမှု လွန်ကဲနေသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမိလွိုက်ဘီတာ ၄၂ ပရိုတင်းသည် အယ်ဇိုင်းမားလူနာများ၏ ဦးနှောက်အတွင်း စုစည်းနေတတ်သည့် ပရိုတင်းများဖြစ်ကြသည်။

အလားတူ မျက်ကြောလွှာအတွင်းရှိ Microglia ခေါ် ဆဲလ်တစ်မျိုးမှာလည်း အယ်ဇိုင်းမားရောဂါ အရှိန်တိုးလာမှုနှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အယ်ဇိုင်းမားရောဂါရှေ့ပြေးလက္ခဏာများကို ရောဂါလက္ခဏာများ မျက်မြင်မပေါ်ထွက်မီမှာပင် မျက်လုံးများ၌ ရှာဖွေနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

KKO

## အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ လူနာများ အသက်ရှင်ခွင့်ကို ပဋိဇီဝဆေးများကမြှင့်တင်နိုင်ဖွယ် မရှိ

**အောခ်လို မတ် ၂၇**

ပဋိဇီဝဆေးများသည် ပြင်းထန်သော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများကြောင့် ဆေးရုံတက်နေရသော လူနာများ၏ အသက်ရှင်နိုင်မှု အလားအလာကို မြှင့်တင်ပေးနိုင်ဖွယ် မရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၂၆ ရက်က ရေးသားတင်ပြထားသည်။

နော်ဝေ သုတေသနပညာရှင်များသည် ဆေးရုံတက်ဝိုင်းရပ်ရောဂါလူနာများ၏ အသက်ရှင်ခွင့် အလားအလာအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိသည်ကို ဖော်ထုတ်ရေးအတွက် လူနာပေါင်း ၂၁၀၀ ကျော်တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများ ခံစားနေရသောလူနာများကို ပဋိဇီဝဆေးပေးခြင်းဖြင့် နောင်လာမည့် ရက် ၃၀ အတွင်း ၎င်းလူနာများ အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်မရှိကြောင်း၊ ကိုဗစ်ရောဂါ ကူးစက်မှုကပ်ဘေးကာလအတွင်း အချို့နိုင်ငံများ၌ ကိုဗစ်ရောဂါလူနာ ၇၀ ရာခိုင်နှုန်းထိကို ပဋိဇီဝဆေးများဖြင့် ကုသပေးခဲ့ရာ ပဋိဇီဝဆေးယဉ်ပါး ရောဂါပိုးများထွက်ရှိလာမှုနှင့် သက်ဆိုင်နေဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများအတွက် ပဋိဇီဝဆေးများဖြင့် ကုထုံးရယူခဲ့သော လူနာများသည် ပဋိဇီဝကုထုံးမယူသည့်လူနာများထက် ဆေးရုံတက်ရောက်ပြီး ရက် ၃၀ အတွင်း အသက်ဆုံးပါးနိုင်ခြေ နှစ်ဆပိုများနိုင်ကြောင်း နော်ဝေ သုတေသနပညာရှင်များက ပြောကြားသည်။

နော်ဝေ သုတေသနပညာရှင်များ၏ လေ့လာချက်၌ တုပ်ကွေးရောဂါ RSV ခေါ် အသက်ရှူလမ်းကြောင်းရောဂါတစ်မျိုးနှင့် ကိုဗစ်လူနာများပါဝင်ကြောင်း သိရသည်။

KKO






# နည်းပြကွန်တီနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းကြောင်း စပါးအသင်းထုတ်ပြန်



**လန်ဒန် မတ် ၂၇**

စပါးအသင်းသည် ရလဒ်ပိုင်း ကျဆင်းလာပြီး အသင်းကစားသမားနှင့် ဆက်ဆံရေးအဆင်မပြေမှုများရှိလာသည့် နည်းပြကွန်တီကို နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းကာ အသင်းမှထုတ်ပယ်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြကွန်တီသည် လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်သော်လည်း အသင်းအနေဖြင့် ရလဒ်ပိုင်း ဆက်တိုက်ကျဆင်းခဲ့ကာ ဆောက်သမ်တန်အသင်းကို သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်အပြီးတွင် ကွန်တီနှင့် ကစားသမားများကြား ဆက်ဆံရေးတင်းမာမှုများ ရှိခဲ့သည့်အပြင် ၎င်းအနေဖြင့်လည်း စပါးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်သို့ လာရောက်ရန် ပျက်ကွက်ခဲ့မှုတို့ကြောင့် အသင်းဥက္ကဋ္ဌလီဗိုင်းက ကွန်တီနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်း၍ အသင်းမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် စပါးအသင်းသည် အသင်းလက်ထောက်နည်းပြ စတယ်လီနီကို ယာယီနည်းပြအဖြစ် ရာသီကုန်ထိ ခန့်အပ်သွားမည်ဖြစ်ပြီး လက်ထောက်နည်းပြအဖြစ် ရိုင်ယန်မေဆင်ကို တာဝန်ပေးသွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၂၈ ပွဲတွင် ၁၅ ပွဲနိုင်၊ လေးပွဲသရေ၊ ကိုးပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယား အဆင့်(၅)မှ နယူးကာဆယ်နှင့် အဆင့်(၆)မှ လီဗာပူးအသင်းတို့ကို ရမှတ်ဖြတ်၍ ဦးဆောင်ထားနိုင်ကြောင်း သိရသည်။

ML

# ချဲလ်ဆီးအသင်းက ကန်တီကို တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန် နီးစပ်

**လန်ဒန် မတ် ၂၇**

ချဲလ်ဆီးအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဝါရင့်ကွင်းလယ်ကစားသမား ကန်တီကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ ကန်တီသည် ပြီးခဲ့သည့် ၂၀၁၈ခုနှစ်က လက်စတာအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ၎င်းသည် နည်းပြအဆက်ဆက် အဓိကကွင်းလယ် ကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသူဖြစ်သည်။

ချဲလ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကန်တီကို ဥရောပ ထိပ်တန်းအသင်းကြီးများဖြစ်သည့် ပီအက်စ်ဂျီအသင်း၊အေစီမီလန်အသင်းနှင့် လီဗာပူးအသင်းတို့က အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်အတွက် စောင့်ကြည့်နေသောကြောင့် ချဲလ်ဆီးအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသည့်အတွက် တစ်နှစ်အစောပိုင်းကတည်းက တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာမှ ယခုအခါ အကြိုသဘောတူညီမှု ရရှိထားပြီဖြစ်ကာ နောက်ဆုံးအဆင့် ဆွေးနွေးရန်သာ ကျန်ရှိတော့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းက ကန်တီကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်သော်လည်း နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ပါ ချုပ်ဆိုသွားမည် ဖြစ်သည့်အတွက် ချဲလ်ဆီးအသင်းတွင် ၂၀၂၅ ခုနှစ်ထိ ဆက်ရှိနေဖွယ်ရှိကြောင်း သိရသည်။

STA



# မန်စီးတီးကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို စတာလင်ပေါင် ၄၃ သန်းဖြင့်ခေါ်ယူရန် နယူးကာဆယ်အသင်း ကြိုးပမ်း

**လန်ဒန် မတ် ၂၇**

နယူးကာဆယ် အသင်းသည် မန်စီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသည့် ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၄၃ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ် ကစားသမား ကယ်ဗင်ဖီးလစ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက လိဒ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၃ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး နည်းပြဂွါဒီယိုလာလက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသောကြောင့် လာမည့်နွေရာသီတွင် ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိနေသဖြင့် နယူးကာဆယ်အသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၄၃ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

နယူးကာဆယ်အသင်း နည်းပြဟိုဝီက ၎င်း၏ နည်းစနစ်ပိုင်းအတွက် ကွင်းလယ်ကစားသမားများ ထပ်မံဖြည့်တင်းရန် စီစဉ်နေကာ မန်စီးတီးအသင်းမှ ကယ်ဗင်ဖီးလစ်အပါအဝင်၊ ဘင်ဖီကာအသင်း ကွင်းလယ်ကစားသမား အီနာစီယိုနှင့် မန်ယူအသင်း ကွင်းလယ်ကစားသမားတွန်မနေးတို့ကိုလည်းခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

ကယ်ဗင်ဖီးလစ်သည် လိဒ်အသင်း လူငယ်အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ်က အသင်းကြီးတွင်စတင်ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက် အသင်း၏ အဓိကကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၂၃၄ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကမန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃ သန်းဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ML

# LPGA Drive On Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဘောက်တိုင်ယာ ဆွတ်ခူး

**အရိုဇိုးနား မတ် ၂၇**

အမေရိကန်နိုင်ငံ အရိုဇိုးနားပြည်နယ်တွင် ကျင်းပခဲ့သည့် LPGA Drive On Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြင်သစ်ဂေါက်သီးရိုက်မယ် ဘောက်တိုင်ယာက ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘောက်တိုင်ယာသည် နောက်ဆုံးနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်မယ် ဂျော်ဂျီယာဟောလ်နှင့် အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့သောကြောင့် ချန်ပီယံဆုအတွက် Play-off ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရပြီး Play-off တွင် ဘောက်တိုင်ယာက (၄-၅) ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Play-off တွင် ရှုံးနိမ့်သွားခဲ့ရသည့် ဂျော်ဂျီယာဟောလ်သည် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ဂျပန်ဂေါက်သီးရိုက်မယ် အယာကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ဘောက်တိုင်ယာသည် LPGA Drive On Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက် ကစားသမားဘဝသက်တမ်းတစ်လျှောက် LPGA ပြိုင်ပွဲတွင် တတိယမြောက်ဆုဖလားကို ရရှိခဲ့ခြင်းလည်း ဖြစ်သည်။



ဘောက်တိုင်ယာက "ဂျော်ဂျီယာဟာ ကျွန်မရဲ့မိတ်ဆွေကောင်းဖြစ်သလို Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာလဲ ဥရောပအသင်းအတွက် အသင်းဖော်တွေအဖြစ်နဲ့ အတူကစားခဲ့ကြဖူးတယ်။ ဂျော်ဂျီယာရဲ့စွမ်းရည်ကို ကောင်းကောင်းသိထားတဲ့အတွက် ကျွန်မအနေနဲ့ Play-off မှာ ခက်ခက်ခဲခဲ ကစားရလိမ့်မယ်လို့ ကြိုတွေးပြီးသားပါ။ တကယ်တမ်းယှဉ်ပြိုင်တဲ့အခါမှာလဲ ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရတယ်။ အမှားခံလို့မရတဲ့အတွက်ကြောင့် အမှားနည်းအောင် အတတ်နိုင်ဆုံးကြိုးစားကစားခဲ့တယ်။ ပုံစံကောင်းရပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

### အာဖရိကဖလားပြိုင်ပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂူနီယာဘစ်ဆော | ၀ | - | ၁ | နိုင်ဂျီးရီးယား |
| ဗဟိုအာဖရိက | ၂ | - | ၀ | မာဒါဂါစကာ |
| အန်ဂိုလာ | ၁ | - | ၁ | ဂါနာ |
| နိုင်ဂျာ | ၀ | - | ၁ | အယ်ဂျီးရီးယား |
| တောင်ဆူဒန် | ၀ | - | ၁ | ကွန်ဂို |

(ဝ၄ဝ)

### အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေသည့် ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်က မန်စီးတီးအသင်းမှ ထွက်ခွာမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက ဘင်ဖီကာတိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်ကို စာချုပ်ဖျက်သိမ်းကြေးစတာလင်ပေါင် ၁၀၅ ဒသမ ၆ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ML

# ကွင်းလယ်ကစားသမား ဆာဘစ်ဇာ ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် မန်ယူအသင်းကွင်းလယ်ပိုင်း အခက်ကြုံတွေ့ရဖွယ်ရှိနေ




**မန်ချက်စတာ မတ် ၂၇**

ဩစတြီးယားအသင်းနှင့်မန်ယူအသင်း ကွင်းလယ်ကစားသမား ဆာဘစ်ဇာသည် ယူရို ၂၀၂၄ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကစားရန် ဩစတြီးယားအသင်းနှင့် ပူးပေါင်းစဉ် ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် မန်ယူအသင်း ကွင်းလယ်ပိုင်းတွင် နည်းပြတန်ဟတ်အတွက်အခက်ကြုံတွေ့ရဖွယ်ရှိနေကြောင်း မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၉နှစ်ရှိ ဆာဘစ်ဇာသည်ယူရို၂၀၂၄ပြိုင်ပွဲ ခြေစစ်ပွဲ ကစားရန်အတွက် ဩစတြီးယားအသင်းနှင့်ပူးပေါင်းစဉ် လေ့ကျင့်ရေးအစီအစဉ်၌ ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာမှာပြင်းထန်ခြင်းမရှိသေးသော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အနားယူရမည်ဖြစ်သည်။

လက်ရှိမန်ယူအသင်းကွင်းလယ်ပိုင်းတွင် အဓိကကစားသမားတစ်ဦးဖြစ်သည့် ကက်စ်မဲရိုးသည် အနီကတ်ပြစ်ဒဏ်ကြောင့် ပွဲပယ်ပြစ်ဒဏ်ကျခံနေရသကဲ့သို့ နောက်ထပ်အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် အဲရစ်ဆင်သည်လည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရချိန်တွင် ဆာဘစ်ဇာအနေဖြင့်လည်း ထပ်မံဒဏ်ရာရရှိခဲ့သောကြောင့် မန်ယူအသင်းကွင်းလယ်ပိုင်းအတွက် အခက်ကြုံတွေ့ရဖွယ်ရှိနေသည်။

ဆာဘစ်ဇာသည် ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလက ဘိုင်ယန်မြူးနစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် မန်ယူအသင်းကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသလျက်ရှိနေပြီး ဒူးဒဏ်ရာမှာအသေးစားဒဏ်ရာဖြစ်သော်လည်း ဧပြီ ၂ရက်တွင်ကစားမည့် နယူးကာဆယ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။ STA

# မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**မိုင်ယာမီ မတ် ၂၇**

အမေရိကန်နိုင်ငံ မိုင်ယာမီတွင် ကျင်းပနေသည့် မိုင်ယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား လာဂျိုဗစ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၀၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားအယ်ကာရက်ဇ်သည် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီတွင် ပုံစံကောင်းရရှိနေသည့် လာဂျိုဗစ်အား ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင်မူ tie-break အဆင့်အထိကစားခဲ့ရပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်က "ပထမပွဲငယ်ကတော့ ကျွန်တော့်ရဲ့ ထိန်းချုပ်မှုအောက်မှာပဲ ရှိနေခဲ့ပါတယ်။ ပထမပွဲငယ်မှာ အဆင်ပြေခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်ကတော့ တော်တော်လေးကို ခက်ခက်ခဲခဲကစားခဲ့ရတယ်။ လာဂျိုဗစ်နဲ့တွေ့ဆုံတိုင်း ခက်ခက်ခဲခဲကစားခဲ့ရတယ်။ လာဂျိုဗစ်ဟာ ၂၀၂၃ ခုနှစ် တင်းနစ်ရာသီမှာ အကောင်းဆုံးလက်စွမ်းပြနေတဲ့ ကစားသမားတွေထဲက တစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လာဂျိုဗစ်နဲ့ပွဲစဉ်မှာ လက်စွမ်းပိုင်းကို အားရကျေနပ်မှုရှိပါတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာပေါ့။ ဒုတိယပွဲငယ်ကတော့ အမှားအယွင်းများခဲ့သလို တော်တော်လေးလဲ ခက်ခက်ခဲခဲကစားခဲ့ရတယ်။ ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲကို ကျော်ဖြတ်ပြီး စတုတ္ထအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်နှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

AZL

# IBA Women's World Boxing Championships

# လိုက်ဖလိုင်းဝိတ်တန်းရွှေတံဆိပ်ဆုကို အိန္ဒိယလက်ဝှေ့မယ် နီကက်ဇာရင်ဆွတ်ခူး

**နယူးဒေလီ မတ် ၂၇**

**Comrades,**

In conclusion, I would like to reiterate you to keep on achieving the objectives of the 78th Armed Forces Day as follows:

- To remain steadfast in Tatmadaw's commitment to embracing Our Three Main National Causes with full measure, safeguarding the State Constitution and protecting a genuine and disciplined multiparty democracy system as a core responsibility
- To give special consideration to the eternal peace based on the Nationwide Ceasefire Agreement (NCA) as the termination of armed conflicts is pivotal on the way to a multiparty democracy system
- To safeguard the national interest of the country, lives and property of people, and to put a strenuous effort on respective corners in times of natural disasters, and
- To make the substantial contribution of Tatmadaw to conduct a free and fair multiparty democracy general election after the culmination of the provisions of the State of Emergency for building the Union based on the democracy and federal system.

100



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက စစ်ရေးပြစစ်ကြောင်းကြီးများကို ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ (၃)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်းချီတက်ကြသည်။

ထိုသို့ချီတက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆိုချီတက်လာကြပြီး စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။ ယင်းနောက် ဗိုလ်ကြီးဒေါ်မေမြတ်မှူ ဦးဆောင်သည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲနှင့် ဗိုလ်မှူးဇော်ဇေယျာဝင်း ဦးဆောင်သည့် တပ်မတော်(ရေ) အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲတို့က စစ်ရေးပြကွင်းအတွင်းသို့ ဆက်လက်ရောက်ရှိနေရာယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်က စစ်ရေးပြစစ်ကြောင်းကြီးများကို ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။

အဆိုပါ(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် စည်သူ မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် စည်သူ ထွန်းအောင်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့်တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့်ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်အကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းဇဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်း၊ ပြည်ပသတင်း မီဒီယာများ တက်ရောက်ကြသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များနှင့် ဒေသခံမိဘပြည်သူများက စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများကို လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၉ သို့**



(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို တွေ့ရစဉ်။





(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် စစ်ကြောင်းကြီးများနှင့် ယန္တရားစစ်ကြောင်းတို့ ချီတက်ကြစဉ်။



(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်း ချီတက်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေ စည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က မိန့်ခွန်း ပြောကြားသည်။ **(မိန့်ခွန်းအပြည့် အစုံကို စာမျက်နှာ ၂၀ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မြင့်ကျော်ထွန်း ဦးဆောင်သော စစ်ကြောင်းကြီးများက တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MI-2 M ရဟတ်ယာဉ်နှစ်စီး စောင့်ကြပ်လိုက်ပါလာသည့် MI-17 သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် တစ်စီးက "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ"ကို ချိတ်ဆွဲ၍လည်းကောင်း၊ MI-35P ရဟတ်ယာဉ် သုံးစီးက "တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံ" တို့ကို ချိတ်ဆွဲ၍လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစား တိုက်လေယာဉ်တစ်စီးနှင့် MiG-29 ဘက်စုံသုံး တိုက်လေယာဉ် နှစ်စီးတို့က ဝဲပတ်ပျံသန်း၍လည်းကောင်း၊ H-125 ရဟတ်ယာဉ်တစ်စီးနှင့် Eurocopter နှစ်စီးတို့က Composite Formation အမျိုးအစားမတူသော ရဟတ်ယာဉ်များ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့်လည်းကောင်း၊ MTX -1 A လေယာဉ်တစ်စီးနှင့် PT-6 လေယာဉ် ငါးစီးတို့က Composite Wedge Formation အမျိုးအစားမတူသည့် လေယာဉ်များ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့်လည်းကောင်း၊ Y-12 IV အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စီးနှင့် Grob-120 TP လေယာဉ် နှစ်စီးတို့က အမျိုးအစားမတူသော Vic Formation ပုံစံဖြင့် လည်းကောင်း၊ MTX–1A လေယာဉ်တစ်စီးနှင့် PT-6 လေယာဉ် ငါးစီးတို့က Composite Wedge Formation အမျိုးအစားမတူသည့် လေယာဉ်များ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့် ရှုရပ်၏ညာဘက် ၄၅ ဒီဂရီ မြင်ကွင်းမှ Landing Light များကို ဖွင့်၍လည်းကောင်း၊ ATR-42 အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စီးနှင့် BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် နှစ်စီးတို့က အမျိုးအစားမတူ အုပ်ဖွဲ့ပျံသန်းခြင်း Composite Formation ပုံစံဖြင့် ရှုရပ်၏ ဘယ်ဘက် ၄၅ ဒီဂရီ မြင်ကွင်းမှ လည်းကောင်း။

ထို့နောက် K-8 W ဂျက်တိုက်လေယာဉ် ခြောက်စီးက Wedge Formation အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့် ပျံသန်းပြီး နိုင်ငံတော်အလံကိုယ်စားပြု အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် မီးခိုးများကို ထုတ်လွှတ်၍လည်းကောင်း၊ A-5JK ဗုံးကြဲတိုက်လေယာဉ် တစ်စီးနှင့် Yak-130 ဂျက်တိုက်လေယာဉ် လေးစီးတို့က Composite Head Formation အမျိုးအစားမတူ မြားခေါင်းပုံအုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့် လည်းကောင်း၊ K-8 W ဂျက်လေယာဉ် ခြောက်စီးက ဒုတိယအကြိမ်အဖြစ် Vulcan Formation အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့် ပျံသန်းပြီး နိုင်ငံတော်အလံကိုယ်စားပြု အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် မီးခိုးများကို ထုတ်လွှတ်၍လည်းကောင်း၊ FTC-2000G ဂျက်တိုက်လေယာဉ် ငါးစီးက Arrow Head Formation မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့်လည်းကောင်း၊ MiG- 29 ဘက်စုံသုံး ဂျက်လေယာဉ် ငါးစီးက Arrow Head Formation မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့် လည်းကောင်း၊ FTC-2000G ဂျက်တိုက်လေယာဉ် ငါးစီးက Arrow Head Formation မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့် ရှုရပ်ရှေ့တည့်တည့်မှ ဒုတိယအကြိမ်ပျံသန်း၍လည်းကောင်း၊ MiG- 29 ဘက်စုံသုံး ဂျက်လေယာဉ် ငါးစီးက Arrow Head Formation မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့် ရှုရပ်ရှေ့တည့်တည့်မှ မီးကျည်များထုတ်လွှတ်ကာ Fan Break ခေါ်ယပ်တောင်ပုံ ခွဲထွက်ပျံသန်း၍လည်းကောင်း အသီးသီးသရုပ်ပြ ပျံသန်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော် စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ တပ်မတော်နေ့မီးရှူးတိုင်နှင့် (၇၈)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် တံဆိပ်ကြီးကိုလည်းကောင်း ဝင့်ထည်စွာ တွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်သည်။

ထို့ပြင် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းရှေ့ရှိ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သတင်းရရှိသည်။



(၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သတင်းရယူကြသည့် သတင်းမီဒီယာများကို တွေ့ရစဉ်။

# ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း



**တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းတကျပေါ်ထွက်လာတဲ့အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်တာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်ဆိုတာကို ခိုင်ခိုင်မာမာပြောကြားလိုတယ်...**

**အထွေထွေရွေးကောက်ပွဲဟာ မြန်မာပြည်သူတွေရဲ့ ရွေးကောက်ပွဲဖြစ်သလို အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပုံဖော်ဖန်တီးသွားမှာဖြစ်လို့ တို့တစ်တွေအားလုံး အသိတရားရှိရှိ အမြော်အမြင်ကြီးစွာနဲ့ ဆောင်ရွက်ကြဖို့လို...**

**ရဲဘော်တို့**

ဒီနေ့ဟာ အမိမြန်မာနိုင်ငံတော်ကြီးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းကြောင်းအစဉ်အလာကြီးမားတဲ့ တို့မြန်မာ့တပ်မတော်ရဲ့ (၇၈)နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။ ဒီ ၇၈ နှစ်တာကာလအတွင်းမှာ တပ်မတော်ဟာ ပြည်သူနဲ့အတူ လက်တွဲပြီး လွတ်လပ်ရေးအရယူပေးခဲ့တဲ့အပြင် ရရှိပြီးလွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာပြန်လည်မဆုံးရှုံးစေဖို့အတွက် နိုင်ငံ့ရှေ့က မားမားမတ်မတ်ရပ်တည်ပေးနိုင်ခဲ့တာကြောင့် ယခုနှစ်အတွင်းမှာ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်နဲ့တပ်မတော်အတွက် သမိုင်းမော်ကွန်းသစ် ရေးထိုးနိုင်ခဲ့တယ်။

**ရဲဘော်တို့**

တို့နိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲပြီး ရေမြေပိုင်နက်နယ်နိမိတ်နဲ့ ခိုင်မာတဲ့သမိုင်းကြောင်း ရှိတဲ့ နိုင်ငံတစ်ခုဖြစ်တယ်ဆိုတာတွေ့ရတယ်။ ပုဂံခေတ်မတိုင်မီကာလမှာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစတဲ့ ပျူမြို့ပြတွေကို ထူထောင်နိုင်ခဲ့ကြတယ်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှာ ကျယ်ပြန့်တဲ့ ပထမမြန်မာနိုင်ငံတော်ကြီး ခမ်းနားထည်ဝါစွာ ထူထောင်နိုင်ခဲ့တဲ့အပြင် ဘုရင့်နောင်မင်းလက်ထက်မှာ ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်မှာ တတိယမြန်မာနိုင်ငံတော်တို့ကို ပိုင်နက်နယ်ပယ်ကျယ်ဝန်းပြီး သာယာဝပြောတဲ့နိုင်ငံများအဖြစ် တည်ထောင်ခဲ့တယ်ဆိုတာ သမိုင်းကြောင်းအထောက်အထားများအရ တွေ့ရတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းခဲ့တဲ့ တို့နိုင်ငံဟာ ကုန်းဘောင်ခေတ်မှာတော့ အနောက်နိုင်ငံများရဲ့ လုပ်ကြံခြေထိုးမှုတို့ကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရတယ်။ နယ်ချဲ့အင်္ဂလိပ်တို့ဟာ ၁၈၂၄ ခုနှစ်မှာ ပထမကျူးကျော်စစ်၊ ၁၈၅၂ ခုနှစ်မှာ ဒုတိယကျူးကျော်စစ်နဲ့ ၁၈၈၅ ခုနှစ်မှာ တတိယကျူးကျော်စစ်တို့ကို ဆင်နွှဲပြီး တစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့တာကြောင့် တို့မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရတယ်။ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် နိုင်ငံတစ်ဝန်း နယ်ချဲ့တော်လှန်ရေးများကို ဆောင်ရွက်ခဲ့ပေမယ့် စနစ်တကျဖွဲ့စည်းမှုမရှိခြင်းနဲ့ လက်နက်အင်အား မမျှတခြင်းတို့ကြောင့် နောက်ဆုံးမှာ အင်္ဂလိပ်တို့ကို အရေးနိမ့်ခဲ့ရတယ်။ ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရေးအတွက် သခင်အောင်ဆန်းဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်တို့ထံမှာ ခေတ်မီတပ်မတော်ဖွဲ့စည်းနိုင်ရေးအတွက် စစ်ပညာသင်ကြားခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ BIA ဟာ ဂျပန်ဘုရင့်တပ်မတော်နှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများခွဲဝင်ရောက်လာခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်တို့ကို ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဖြင့် တိုက်ထုတ်ခဲ့ကြတယ်။ အင်္ဂလိပ်တို့ဆုတ်ခွာသွားခဲ့သော်လည်း ဂျပန်တို့ဟာ လွတ်လပ်ရေးပေးမယ့်ကတိကို ဖျက်ကွက်ခဲ့တဲ့အပြင် ပြည်သူလူထုအပေါ် ညှဉ်းပန်းနှိပ်စက်လာခဲ့တာကြောင့် တို့တပ်မတော်အနေနဲ့ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်မှာ သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို တိုင်းရင်းသားပြည်သူလူထုနဲ့အတူ လက်တွဲဆင်နွှဲခဲ့ကြတယ်။ အဲဒီနေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ယနေ့ဆိုလျှင် ၇၈ နှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်တယ်။

**ရဲဘော်တို့**

ယနေ့ မြန်မာ့တပ်မတော်ရဲ့ အမြုတေတပ်မတော်အဖြစ် စတင်ခဲ့တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA) ဟာ ၁၉၄၂ ခုနှစ်မှာ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ၁၉၄၃ ခုနှစ်မှာ ဗမာ့အမျိုးသားတပ်မတော်(BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လမှာ မျိုးချစ်ဗမာ့တပ်မတော် (PBF)နဲ့ စက်တင်ဘာလမှာ ဗမာ့တပ်မတော်(Burma Army)အဖြစ် အဆင့်ဆင့် အမည်ပြောင်းလဲဖွဲ့စည်းခဲ့တယ်။ ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ မျိုးချစ်ဗမာ့တပ်မတော်ဟာဆိုရင်လည်း ပြည်သူလူထုနဲ့အတူလက်တွဲပြီး ဖက်ဆစ်ဂျပန်တို့ကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့တယ်။ ဒါကြောင့် တို့တပ်မတော်ဟာ ဘယ်လိုပင်အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းသော်လည်း ပြည်သူလူထုနဲ့အတူလက်တွဲပြီး တိုင်းတစ်ပါးအုပ်စိုးမှုအောက်မှ မြန်မာနိုင်ငံကို လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့တဲ့ တပ်မတော်လည်းဖြစ်တယ်။

**ရဲဘော်တို့**

တို့နိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ နယ်ချဲ့အင်္ဂလိပ်တွေနဲ့ ဖက်ဆစ်ဂျပန်တို့ရဲ့ မြေစာပင်ဖြစ်ခဲ့ရသလို လွတ်လပ်ရေးရရှိချိန်မှာလည်း နိုင်ငံထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်ဖို့ မျှော်မှန်းခဲ့ကြပေမယ့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများနဲ့ မမျှော်လင့်ဘဲ ကြုံတွေ့လာခဲ့ရတယ်။ အဲ့ဒီလက်နက်ကိုင်သောင်းကျန်းမှုတွေဟာ ၁၉၄၉ ခုနှစ်ဝန်းကျင်မှာ အဆိုးရွားဆုံးအခြေအနေထိ ရောက်ရှိခဲ့ပြီး ရန်ကုန်အစိုးရလို့ပင် လှောင်ပြောင်ခေါ်ဆိုခံရတဲ့ အခြေအနေထိ ဖြစ်ပေါ်ခဲ့ရတယ်။

တို့တပ်မတော်အနေနဲ့ ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို နှိမ်နင်းနေစဉ်မှာပဲ တရုတ်ဖြူ(ကူမင်တန်)နဲ့ မူဂျာဟစ်ကုလားဆိုး သောင်းကျန်းမှု စတဲ့ပြည်ပကျူးကျော်မှုများကိုလည်း နှိမ်နင်းခဲ့ရတယ်။ ဒါ့ပြင် ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ်တို့မှာ ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံတော်မှာ အန္တရာယ်ကြီးမားတဲ့အရေးကိစ္စတွေ ကြုံတွေ့လာတဲ့ အချိန်များမှာလည်း တပ်မတော်အနေနဲ့ မှန်ကန်တဲ့ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်တို့နဲ့အတူ နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။ ဒါ့ပြင် တပ်မတော်ဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာလည်း နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးရန်ပြုလာတဲ့ သောင်းကျန်းသူများကို အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့တယ်။ ဒါကြောင့် တို့တပ်မတော်ဟာ ယနေ့အချိန်ထိ နိုင်ငံတော်အပေါ် ကျရောက်လာတဲ့ ရန်စွယ်ဟူသမျှကို ရှေ့ကနေမားမားမတ်မတ် ရပ်တည်ကာကွယ်ပေးနိုင်ခဲ့တယ်ဆိုတာ ဂုဏ်ယူစွာနဲ့ ပြောကြားလိုတယ်။

**ရဲဘော်တို့**

တို့တပ်မတော်ဟာ လွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်နဲ့ ပြည်သူတို့ရဲ့ လိုအင်ဆန္ဒများကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တယ်။ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလမှာ တပ်မတော်ဟာ အိမ်စောင့်အစိုးရတာဝန်ကိုရယူပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ သောင်းကျန်းသူနှိမ်နင်းရေးနဲ့ လွတ်လပ်၍တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးရေးစတဲ့ နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ဖို့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို ရယူခဲ့ချိန်မှာလည်း အဲဒီခေတ်ကာလ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နိုင်ငံတော်ကိုတည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ ခုနှစ်မှာ ပါတီစုံဒီမိုကရေစီတောင်းဆိုမှုနဲ့အတူ ဆူပူဆန္ဒပြမှုများ ပြင်းထန်လာမှုကြောင့် အစိုးရပြိုကွဲသွားပြီး တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို စောင့်ရှောက်ရယူခဲ့ရချိန်မှာလည်း တပ်မတော်ဟာ ပြည်သူတို့ရဲ့ လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် ထူထောင်နိုင်ရေးအတွက် လိုအပ်တဲ့အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့တယ်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့တဲ့အပြင် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အနိုင်ရရှိတဲ့ပါတီထံ နိုင်ငံ့တာဝန်အရပ်ရပ်ကို အဆင်ပြေချောမွေ့စွာလွှဲပြောင်းပေးနိုင်ရေး ကမကထပြု ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

**ရဲဘော်တို့**

တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဟာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရ ရေးဆွဲထားခြင်းမဟုတ်ဘဲ အမျိုးသားညီလာခံတစ်ရပ်ကျင်းပပြီး ကိုယ်စားလှယ် ၁၀၀၀ ကျော်ပါတဲ့ အစုအဖွဲ့ ရှစ်ဖွဲ့နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရေးဆွဲခဲ့ကြတာဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဟာ ပြည်သူလူထုရဲ့ တစ်ခဲနက်ထောက်ခံမှုနဲ့ ပေါ်ထွန်းလာတာကြောင့် ပြည်သူတစ်ရပ်လုံးက လေးစားလိုက်နာရမှာဖြစ်သလို ပြည်သူကပေါက်ဖွားလာတဲ့ တို့တပ်မတော်သားတွေအနေနဲ့လည်း လိုက်နာစောင့်ထိန်းရမှာဖြစ်တယ်။ လက်ရှိကျင့်သုံးနေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ရဲ့ ပုဒ်မ ၂၀(စ)မှာ **"တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"** လို့ အတိအလင်းပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာပဲဖြစ်တယ်။ **တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းတကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်တာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်ဆိုတာကို ခိုင်ခိုင်မာမာ ပြောကြားလိုတယ်။**

**ရဲဘော်တို့**

အင်အားကြီးနိုင်ငံများရဲ့ အားပြိုင်မှုများမှတစ်ဆင့်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ပဋိပက္ခများဟာ **"တောင်လဲရာမြက်ပြတ်"** ဆိုတဲ့ စကားပုံအတိုင်း နိုင်ငံငယ်များအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်တဲ့အတွက် နိုင်ငံတကာရေးရာများကို မျက်ခြည်မပြတ်လေ့လာပြီး ကိုယ့်နိုင်ငံရှင်သန်ရပ်တည်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုများ အမြဲလုပ်ဆောင်နေရမှာဖြစ်တယ်။ တို့နိုင်ငံအနေနဲ့လည်း ကာကွယ်ရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် တပ်မတော်ကို သမားရိုးကျစစ်ပွဲ ဆင်နွှဲနိုင်ပြီး တိုက်စွမ်းရည်နဲ့ တိုက်စွမ်းအားရှိတဲ့ ခေတ်မီတပ်မတော်(Standard Army) အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိတယ်။ အနာဂတ်တပ်မတော်ကို Standard Army အဖြစ် တည်ဆောက်ရာမှာ တပ်များကို ခေတ်နဲ့ကိုက်ညီအောင် လုပ်ဆောင်လျက်ရှိတယ်။ တပ်မတော်သားအဆင့်အတန်းအားလုံးအနေနဲ့လည်း လက်ဝယ်ပိုင်ဆိုင်ထားတဲ့ ခေတ်မီစစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ဖို့နဲ့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်ဖို့အတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမှာဖြစ်တယ်။ အဲဒီလိုလေ့ကျင့်တဲ့နေရာမှာ စစ်သည်တစ်ဦးချင်း လေ့ကျင့်ရေးနဲ့ တပ်ဖွဲ့လိုက်လေ့ကျင့်ရေးများပါဝင်ပြီး စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

လေ့ကျင့်ရေးမူဝါဒများနဲ့အညီ ဆောင်ရွက်သွားဖို့ လိုအပ်တယ်။ **စစ်သည်တိုင်း မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းဟာလည်း လေ့ကျင့်ရေးဆောင်ရွက်နေတာပဲဖြစ်တယ်။** တပ်မတော်ရဲ့အရည်အချင်းဟာ လူတစ်ဦးစီရဲ့စွမ်းရည်ပေါ်မှာ အခြေခံ ပြီး စစ်လက်နက်ပစ္စည်းများ၏ စွမ်းအားနဲ့ ပေါင်းစပ်ရတာဖြစ်တဲ့အတွက် တစ်ဦးချင်းစွမ်းရည်မြင့်မားရေးကို အလေးအနက်ထား လုပ်ဆောင် ကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

**စည်းလုံးညီညွတ်ခြင်းဟာအင်အားကိုဖြစ်စေတယ်။ ဒါ့ကြောင့် တပ်မတော် အင်အားတောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရမှာဖြစ်သလို နိုင်ငံ့အင်အားတောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်နဲ့ပြည်သူစည်းလုံးညီညွတ်နေဖို့ တိုင်းရင်းသားပြည်သူများရဲ့ သားသမီးများဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထားလုပ်ဆောင်ကြရမယ်။**

တပ်မတော်သားများအနေနဲ့ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့်ကျင့်ဝတ် ၁၀ ပါးနဲ့အညီ နေထိုင်ကျင့်ကြံပြီး ပြည်သူလူထုရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမှာပဲဖြစ်တယ်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုတဲ့အတိုင်း နိုင်ငံတော်ကို ဘက်ပေါင်းစုံကာကွယ်နိုင်ဖို့ဟာ ပြည်သူလူထုရဲ့ တစ်ခဲနက်ပူးပေါင်းပါဝင်မှသာ ခိုင်မာမယ်။ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝလုံခြုံမှသာ ပြည်သူများကလည်း စိတ်ရောကိုယ်ပါ လက်တွဲဆောင်ရွက်နိုင်မှာဖြစ်လို့ ပြည်သူတို့အပေါ် ကျရောက်လာနိုင်တဲ့ ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်မဆိုင်းဘဲ ကာကွယ်ဆောင်ရွက်ပေးကြရမယ်။ ဒေသအလိုက်ရှိတဲ့ ခေါင်းဆောင်များက ဒေသနဲ့ နိုင်ငံရဲ့ ဖြစ်ပေါ်နေတဲ့အခြေအနေမှန်ကို အမြဲလေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်တာများ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်သွားကြဖို့မှာကြားလိုတယ်။ ဒီနေရာမှာ **"လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"၊ "ကျန်းမာရေးသည် အဓိက၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်"** ဆိုတဲ့အတိုင်း မိမိတို့တိုင်းရင်းသားပြည်သူအပေါင်းကို ကာကွယ်စောင့်ရှောက်ကြရမယ်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဧဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက အားသွန်ခွန်စိုက်ဆောင်ရွက်နေတဲ့နေရာမှာ တို့တပ်မတော်သားတွေဟာ ကျရာနေရာအခန်းကဏ္ဍက ပါဝင်ကူညီဆောင်ရွက်သွားဖို့ ပြောကြားလိုတယ်။

**ရဲဘော်တို့**

ကမ္ဘာ့နိုင်ငံအသီးသီးဟာ နိုင်ငံရဲ့ပထဝီအနေအထား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ စတဲ့အကြောင်းအချက်အလက်တွေအပေါ် မူတည်ပြီး မိမိနိုင်ငံနဲ့ သင့်လျော်တဲ့ နိုင်ငံရေးစနစ်တစ်ခု ချမှတ်လျှောက်လှမ်းနေကြတာပဲဖြစ်တယ်။ မည်သည့်နိုင်ငံရေးစနစ်ကို လျှောက်လှမ်းသည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှာပဲဖြစ်တယ်။ **ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကမ္ဘာ့အသီးသီးမှာ တည်ငြိမ်အေးချမ်းမှုအရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။**

**ရဲဘော်တို့**

နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို အသက်၊ သွေး၊ ချွေးတွေပေးဆပ်ပြီးထမ်းဆောင်နေတဲ့ တို့တပ်မတော်သားတွေဟာ ငြိမ်းချမ်းရေးကို အလိုလားဆုံးအဖွဲ့အစည်းပဲဖြစ်တယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ခဲ့တာနဲ့အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့တယ်။ အဲဒီလိုဖိတ်ခေါ်ခဲ့ရာမှာ ယနေ့ထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နဲ့ လက်မှတ်ရေးထိုးခြင်းမပြုရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့မှ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မယ့် ရလဒ်များကိုလည်း ဖော်ဆောင်နိုင်ခဲ့တယ်။ NCA ပါ သဘောတူညီချက်တွေဟာ ပြည်ထောင်စုနဲ့ တိုင်းရင်းသားအားလုံးရဲ့အနာဂတ် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရွထားတာဖြစ်တယ်။ ဒါဟာ နိုင်ငံတော်နဲ့တိုင်းရင်းသားများအပေါ် အာမခံထားခြင်းပဲဖြစ်တယ်။ ဒါ့ကြောင့် နယ်ချဲ့တို့ရဲ့ အမွေဆိုးဖြစ်တဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းမှုတွေကို ဖယ်ရှားရမယ်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး မတူညီတဲ့ အယူအဆတွေကို တူညီတဲ့ ဘုံသဘောထားတွေနဲ့ ပေါင်းစည်းကြဖို့ လိုအပ်တယ်။

ငြိမ်းချမ်းရေးဆွေးနွေးရာမှာလည်း တစ်ဖက်နဲ့တစ်ဖက် သဘောထားကြီးစွာနဲ့ ဆွေးနွေးဆောင်ရွက်သွားဖို့ လိုအပ်သလို နိုင်ငံတော်အတွက် ဖြစ်နိုင်သည်များနဲ့ ဖြစ်သင့်သည်များကို ချိန်ထိုးပြီး အကောင်းဆုံးဖြစ်အောင် ဆွေးနွေးအဖြေထုတ်ရမှာပဲ ဖြစ်တယ်။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဟာ နိုင်ငံရေးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော်လည်း နိုင်ငံရေးရဲ့ လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်မှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမှာဖြစ်**ကြောင်း ထည့်သွင်းပြောကြားလိုတယ်။ ယနေ့အချိန်ထိ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ လာရောက်နိုင်အောင် အစဉ်အမြဲ တံခါးဖွင့်ပေးလျက်ရှိတယ်။

**ရဲဘော်တို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ယခင် NLD အစိုးရရဲ့ ရွေးကောက်ပွဲမဲသမာမှုမှုတစ်ဆင့် နိုင်ငံတော်အာဏာကို မသမာတဲ့နည်းလမ်းနဲ့ အဓမ္မရယူကြိုးပမ်းခဲ့တာကိုတားဆီးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ပေါ်ပေါက်လာတဲ့အစိုးရဖြစ်တယ်။ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်အစပိုင်းမှာ ဆူပူမှုများသာကြုံတွေ့ခဲ့ရပေမယ့် နောက်ပိုင်းမှာ အကြမ်းဖက်သမားတွေက အပြစ်မဲ့ပြည်သူများ၊ စစ်ရေးပစ်မှတ်မဟုတ်တဲ့ အခြားသောနေရာများကိုပါ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားပြီး တိုက်ခိုက်လာတာကို တွေ့ရှိရမှာပဲဖြစ်တယ်။ ဒီမိုကရေစီအပေါ် သဘောထားကွဲလွဲမှုကြောင့် လုပ်ဆောင်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို မည်သည့်နိုင်ငံအစိုးရကမှ ခွင့်ပြုမှာမဟုတ်တဲ့အပြင် ဒီမိုကရေစီကို အကြမ်းဖက်နည်းလမ်းနဲ့လည်း ရရှိနိုင်မှာမဟုတ်ကြောင်း ပြောကြားလိုတယ်။ ဒီအကြမ်းဖက်တိုက်ခိုက်မှုများဟာ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိနဲ့ ဖွဲ့စည်းခဲ့တဲ့ NUG က ပေါက်ဖွားလာတဲ့ PDF အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနဲ့ ၎င်းတို့ကိုကူညီနေတဲ့ အချို့သော EAO များရဲ့ နိုင်ငံအပေါ် ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်မှုများသာဖြစ်တယ်။ အကြမ်းဖက်သမားများရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကြောင့် ပျက်စီးဆုံးရှုံးမှုများဟာ အစိုးရတစ်ရပ်အတွက် နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်ရဲ့ ရှေ့ဆက်လျှောက်လှမ်းမယ့် အမျိုးသားအကျိုးစီးပွားများ နစ်နာဆုံးရှုံးခြင်းဖြစ်တာကို နားလည်သဘောပေါက်ဖို့ လိုအပ်မှာပဲဖြစ်တယ်။

တို့တပ်မတော်အနေနဲ့ အစိုးရကချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နဲ့အညီ **"နိုင်ငံတစ်ဝန်းရှိ ပြည်သူများရဲ့ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရန် အလေးထားလုပ်ဆောင်သွားမှာပဲ"** ဖြစ်တယ်။ အဲလိုလုပ်ဆောင်ရာမှာ NUG နဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ၊ ၎င်းတို့ကိုပံ့ပိုးနေတဲ့ EAO အဖွဲ့အစည်းအချို့ကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ဒါ့ကြောင့် ဒုတိယအကြိမ် အရေးပေါ်သက်တမ်းကာလမှာ အရေးကြီးတဲ့ မြို့နယ်တွေကို စစ်အုပ်ချုပ်ရေးအမိန့်များ တိုးမြှင့်သတ်မှတ်ပြီး ထိန်းချုပ်ဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ ပြည်သူများကို ထိန်းချုပ်ကန့်သတ်ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်နေကြတဲ့ အကြမ်းဖက်သမားများရဲ့လုပ်ဆောင်ချက်တွေကို ထိရောက်စွာ ထိန်းချုပ်နိုင်ဖို့ပဲဆိုတာ ထည့်သွင်းပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်မှာ **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်"** ဆိုတဲ့အချက်ကို အတိအလင်းဖော်ပြထားပြီးဖြစ်တယ်။ **ရွေးကောက်ပွဲကိုဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်ပြီး တရားမျှတစွာနဲ့ ပြည်သူများ ဒီမိုကရေစီအခွင့်အရေးမဆုံးရှုံးစေရေး၊ အကြားအလပ်မရှိ မဲပေးနိုင်ရေးကို ဆောလျင်စွာဆောင်ရွက်နိုင်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ တည်ငြိမ်အေးချမ်းရေးပဲဖြစ်**တယ်။ အထွေထွေရွေးကောက်ပွဲဟာ ပြည်သူများက သူတို့ရဲ့ အနာဂတ်မျှော်လင့်ချက်အတွက် မဲပေးရွေးချယ်တင်မြှောက်ခြင်းဖြစ်တယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲကို ပြီးစလွယ်လုပ်လို့မရနိုင်ဘူး၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်တဲ့နေ့မှာ ပြည်သူအပေါင်းက ယုံကြည်စွာ မဲပေးခဲ့ပေမယ့် တိုင်ကြားမှုများစွာရှိခဲ့ပြီး စစ်ဆေးဖော်ထုတ်ရာမှာ မဲစာရင်းများ မသမာမှုပြုလုပ်ခဲ့မှု၊ မဲပေးရာမှာ အမျိုးမျိုးအဖုံဖုံ မသမာမှုများနဲ့ မဲပေးခဲ့ကြမှုများပေါ်ပေါက်တာကြောင့် မြန်မာ့ဒီမိုကရေစီသမိုင်းတစ်လျှောက်မှာ အလွန်အကျည်းတန်ခဲ့ရတယ်။ နောက်ဆက်တွဲဖြစ်ပေါ်လာမှုများဟာ နိုင်ငံအတွက် ကြီးမားတဲ့သင်ခန်းစာဖြစ်ခဲ့ရလို့ အလားတူမဖြစ်ရလေအောင် ဆောင်ရွက်သွားကြရမယ်။ **အထွေထွေရွေးကောက်ပွဲဟာ မြန်မာပြည်သူတွေရဲ့ ရွေးကောက်ပွဲဖြစ်သလို အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပုံဖော်ဖန်တီးသွားမှာဖြစ်လို့ တို့တစ်တွေအားလုံး အသိတရားရှိရှိအမြော်အမြင်ကြီးစွာနဲ့ ဆောင်ရွက်ကြဖို့လို**မယ်။ အကြမ်းဖက်အားပေးနိုင်ငံအချို့နဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူတချို့က နိုင်ငံတည်ငြိမ်မှုပျက်ပြားအောင် ပြုလုပ်ပြီး ပြစ်မှုကျူးလွန်တဲ့ CRPH၊ NUG နဲ့ ၎င်းတို့လက်ဝေခံ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေကိုမဖော်ပြဘဲ အစိုးရအပေါ် ပြစ်တင်ဝေဖန်နေတာဟာ အလွန်ပဲလွဲမှားနေတယ်။ NUG နဲ့ ၎င်းတို့လက်ဝေခံ PDF တို့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ လုံးဝရပ်ဆိုင်းအောင် ဆောင်ရွက်သွားဖို့ လိုအပ်တယ်။ **တပ်မတော်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံကိုဖျက်ဆီးနေတဲ့ ပြည်သူကိုသတ်နေတဲ့ ဒီအကြမ်းဖက်အဖွဲ့ကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲဖြစ်**တယ်။ **နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ခိုင်မာစွာလျှောက်လှမ်းနိုင်ရန်အတွက် လက်ရှိအစိုးရရဲ့ ကြိုးပမ်းလုပ်ဆောင်မှုများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အဖွဲ့ဝင်နိုင်ငံများရဲ့ အချုပ်အခြာအာဏာတန်းတူညီမျှမှုကိုလေးစားပြီး အပြုသဘောဆောင်စွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဒီနေရာကနေတစ်ဆင့် တိုက်တွန်းပြောကြားလို**တယ်။ တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အားလျော်စွာ အာဆီယံနဲ့ဆိုင်တဲ့ အရေးကိစ္စများကို အာဆီယံစိတ်ဓာတ်၊ အာဆီယံအမြင်၊ အာဆီယံပဋိညာဉ်တို့နဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ အဓိကအခြေခံအချက်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တို့အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားမှာပဲဖြစ်တယ်။ အဲဒီကနေတစ်ဆင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ဖြစ်တဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တို့တပ်မတော်ကလည်း ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားရမှာပဲဖြစ်တယ်။ **ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကို ကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်ဆိုတာ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေကို စုစည်းလုပ်ကိုင်ရာမှာ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်**တယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ဖို့အတွက် လက်ရှိရွေးကောက်ပွဲမှာကျင့်သုံးနေတဲ့ ဦးသူအနိုင်ယူ (FPTP-First Past The Post) စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ် (PR-Proportional Representation) ကိုလည်း ပေါင်းစပ်ကျင့်သုံးဆောင်ရွက်သွားမှာဖြစ်တယ်။ အဲဒီအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတိုင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်တယ်။

**ရဲဘော်တို့**

တို့တပ်မတော်အနေနဲ့ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့အတွက် ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ တို့မှာပါဝင်တဲ့ ဒို့တာဝန်အရေး (၃)ပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ပုဒ်မ ၂၀ (စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိတယ်လို့ ဖော်ပြထားပြီးဖြစ်တယ်။ ဒါ့ကြောင့် **တပ်မတော်အနေနဲ့ မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ "ပြည်သူသာအမိ၊ ပြည်သူသာအဖ" လို့ ခံယူပြီး နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူနဲ့ ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အဖြစ် အစဉ်အမြဲဆက်လက်တည်ရှိနေမှာဖြစ်**ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ (၇၈)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ ဖြစ်တဲ့-

- ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ဆိုတဲ့ ဦးတည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုကန်တော့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများကို မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့်ဂါရဝပြုကန်တော့ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၇**

ယနေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခဲ့ကြသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိရိဗိမာန်ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုကန်တော့သည့်အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၉ ဦးနှင့် ဇနီး ခုနစ်ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာတွင် တပ်မတော်၏အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် အစဉ်အဆက်တာဝန်များကိုဆက်ခံခဲ့ကြသူများဖြစ်ပြီး အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများသည် မိမိတို့၏မိဘဆရာများပင်ဖြစ်ပါကြောင်း၊ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်စဉ်နှစ်တိုင်း ယခုအချိန်ကာလတွင် ဂါရဝပြုကန်တော့လျက်ရှိပါကြောင်း၊ ယခုကဲ့သို့တပ်မတော်နေ့များသို့ နှစ်စဉ်တက်ရောက်ချီးမြှင့်ပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရှိသေလေးစားမှုဖြင့် ကျေးဇူးတရားကိုသိရှိစွာ ဂါရဝပြုကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ အစဉ်အလာကောင်းတစ်ခုပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများကို မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျရိုသေစွာဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများ ကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်တို့က ဩဝါဒစကားများပြန်လည်ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့်တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးအနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဇေယျာသီရိဇိမာန်သဘင်ဆောင်အတွင်းရှိ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ စစ်သည်၊ စစ်သမီးများက မြဝတီတေးဂီတအဖွဲ့နှင့် တွဲဖက်၍ ယိမ်းအကအလှများ၊ တေးသရုပ်ဖော်မှုများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ကပြဖျော်ဖြေမှုများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က သီဆိုဖျော်ဖြေခဲ့ကြသည့် စစ်သည်၊ စစ်သမီးများကို အမှတ်တရဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ စစ်သည်၊ စစ်သမီးများက မြဝတီတေးဂီတအဖွဲ့နှင့်တွဲဖက်၍ ယိမ်းအကအလှများ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သီဆိုဖျော်ဖြေခဲ့ကြသည့် စစ်သည်၊ စစ်သမီးများကို အမှတ်တရ ဂုဏ်ပြုပန်းခြင်းများ ပေးအပ်စဉ်။

ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၈၄ / ၂၀၂၃**
၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၇ ရက်
( ၂၀၂၃ ခုနှစ် မတ်လ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

၁။ ကြည်း ၅၉၈၃၀ ဗိုလ်ကြီးသန်းထွန်းအောင် ကာကွယ်ရေးဝန်ကြီးဌာန

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

၁။ ရဲ ၅၀၃၂ ရဲမှူးလှတင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့
၂။ မ ၀၉၉၃ ဦးစီးအရာရှိ ဦးခူးပိုလီကတ် မီးသတ်ဦးစီးဌာန
၃။ လ ၁၉၀၈၉၅ ရဲအုပ်ဝင်းပိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့
၄။ လ ၂၁၃၈၀၅ ရဲတပ်ကြပ်ကြီးသီဟမောင်မောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့
၅။ ဦးဝင်းတင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဒေါ်ခက်သန္တာကျော် ကာကွယ်ရေးဝန်ကြီးဌာန
၇။ ဒေါ်ခင်မြရီ ကာကွယ်ရေးဝန်ကြီးဌာန
၈။ ဒေါ်အေးသန္တာဝင်း ကာကွယ်ရေးဝန်ကြီးဌာန
၉။ ဒေါ်ပပစိုး ကာကွယ်ရေးဝန်ကြီးဌာန
၁၀။ ဒေါ်ညိုညိုလွင် ကာကွယ်ရေးဝန်ကြီးဌာန
၁၁။ ဒေါ်မာလာဝင်း ကာကွယ်ရေးဝန်ကြီးဌာန
၁၂။ ဒေါ်နွယ်နွယ်ယဉ် ကာကွယ်ရေးဝန်ကြီးဌာန
၁၃။ ဒေါ်ဝိုင်းဝိုင်း ကာကွယ်ရေးဝန်ကြီးဌာန
၁၄။ ဒေါ်ဝေဝေလွင် ကာကွယ်ရေးဝန်ကြီးဌာန
၁၅။ ဒေါ်သန္တာအေး ကာကွယ်ရေးဝန်ကြီးဌာန
၁၆။ ဦးတင်စိုးလင်း စစ်ကိုင်းတိုင်းဒေသကြီး
၁၇။ ဦးအောင်မျိုးဦး စစ်ကိုင်းတိုင်းဒေသကြီး
၁၈။ ဦးစန်းလွင် စစ်ကိုင်းတိုင်းဒေသကြီး
၁၉။ ဦးအောင်မင်းစိုး စစ်ကိုင်းတိုင်းဒေသကြီး
၂၀။ ဦးတင်မိုး စစ်ကိုင်းတိုင်းဒေသကြီး
၂၁။ ဦးရန်နိုင်စိုး စစ်ကိုင်းတိုင်းဒေသကြီး
၂၂။ ဦးငြိမ်းချမ်းသူ စစ်ကိုင်းတိုင်းဒေသကြီး
၂၃။ ဦးရာဇာထွန်း စစ်ကိုင်းတိုင်းဒေသကြီး
၂၄။ ဦးဆန်းလင်း စစ်ကိုင်းတိုင်းဒေသကြီး
၂၅။ ဦးဆန်းလင်းအောင် စစ်ကိုင်းတိုင်းဒေသကြီး
၂၆။ ဦးဇော်ထက်အောင် စစ်ကိုင်းတိုင်းဒေသကြီး
၂၇။ ဦးတင်မိုးအောင် စစ်ကိုင်းတိုင်းဒေသကြီး
၂၈။ ဦးအောင်ဇော်ဦး စစ်ကိုင်းတိုင်းဒေသကြီး
၂၉။ ဦးဖိုးစိုး စစ်ကိုင်းတိုင်းဒေသကြီး
၃၀။ ဦးဖြိုးသူကျော် စစ်ကိုင်းတိုင်းဒေသကြီး
၃၁။ ဦးခိုင်ထူး စစ်ကိုင်းတိုင်းဒေသကြီး
၃၂။ ဦးဝင်းမြင့် စစ်ကိုင်းတိုင်းဒေသကြီး
၃၃။ ဦးမျိုးဇင်ဝင်း စစ်ကိုင်းတိုင်းဒေသကြီး
၃၄။ ဦးစောမောင်မောင် စစ်ကိုင်းတိုင်းဒေသကြီး
၃၅။ ဦးရဲအောင် စစ်ကိုင်းတိုင်းဒေသကြီး
၃၆။ ဦးကြီးမြင့်(ခ) ဦးကတုံး ပဲခူးတိုင်းဒေသကြီး

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး (၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များကို ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယအဆင့်) ဦးကျော်စိန် အား အားဖြည့်ငှက်သိုက်များနှင့် ဂါရဝပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် တစ်ဦးနှင့် တတိယအဆင့် လေးဦး စုစုပေါင်း ငါးဦးတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း မေးမြန်းအားပေးစကား ပြောကြားပြီး အားဖြည့်ငှက်သိုက်များနှင့် ဂါရဝပြုချီးမြှင့်ငွေများကို ကိုယ်တိုင်ကိုယ်ကျဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ



တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက စစ်ရေးပြတပ်ခွဲများကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မတ် ၂၇**

(၇၈)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးကို စစ်ရေးပြမှူးကြီးဗိုလ်ချုပ်မြင့်ကျော်ထွန်း ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် ဂုဏ်ပြုဆုများ၊ အလံအဖွဲ့ အကောင်းဆုံးဆုနှင့် စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု (အမျိုးသမီး) (အရာရှိ) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြုယန္တရားတပ်ခွဲ၊အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ တပ်မတော်(ကြည်း) အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ လေအိတ်ပုလွေတီးဝိုင်းအဖွဲ့၊ အောင်ဇေယျစစ်ကြောင်း (အမျိုးသမီး) အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့အကောင်းဆုံးဆုရရှိသည့် ဆင်ဖြူရှင်စစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဘုရင်နောင်စစ်ကြောင်းအလံတော်အဖွဲ့တို့ကို စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)(အမျိုးသမီး) တပ်ခွဲစစ်ရေးပြတတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံးတတိယဆုရရှိသည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး)စစ်ရေးပြ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား)စစ်ရေးပြ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသမီး)စစ်ရေးပြ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသည့် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊စစ်စည်းကမ်းအကောင်းဆုံးဒုတိယဆုရရှိသည့်ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)စစ်ရေးပြ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား)စစ်ရေးပြ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား)စစ်ရေးပြတပ်ခွဲ(၁)၊တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသမီး) စစ်ရေးပြ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံးစခန်း ပထမဆုရရှိသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြအကောင်းဆုံးပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် (၇၈)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အုပ်ဖွဲ့ပုံသန်းအဖွဲ့ ဂုဏ်ပြုဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ပုံသန်းအဖွဲ့၊ စံပြတပ်ခွဲတတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စံပြတပ်ခွဲဒုတိယဆုရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲနှင့် စံပြတပ်ခွဲ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲများကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# မုံရွာမြို့ ရုံးကြီးရပ်ကွက် စာရေးတန်းလမ်းရှိ အရှည်ပေ ၂၇၈၀၊ အကျယ် ၁၈ ပေနှင့် ၃ သုံးလက်မခွဲရှိ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်

**နေပြည်တော် မတ် ၂၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် စာရေးတန်းလမ်းရှိ အရှည်ပေ ၂၇၈၀ အကျယ် ၁၈ ပေနှင့် ၃ သုံးလက်မခွဲရှိ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်မှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက နိုင်လွန်ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## မတ် ၂၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**နေပြည်တော် မတ် ၂၇**

မတ် ၂၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၁၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၇၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၉၆ ဦး |

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

**နေပြည်တော် မတ် ၂၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **"ခေါင်နီလေးတစ်ထည်"**ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက **"ခေါင်နီလေးတစ်ထည်"** ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ ကျော်ဇောဟိန်း၊ L နေခေါ်၊ နကွတ်၊ L ဆိုင်းဇီ၊ သီဟနိုင်၊ နေရောင်၊ သားထွေး၊ ယမုံမြင့်မြတ်၊ ဒါရိုက်တာ ဗိုလ်မှူးတင်အောင်စိုး(ပန်းမြို့တော်)၊ ဇာတ်ညွှန်းမျိုးမြင့်ရန်နောင်၊ တွဲဖက်ဒါရိုက်တာ ထွန်းကျောက်ခဲ၊ ဦးသိန်းထွန်းအောင်၊ ဦးပြည့်ဖြိုးဟန်၊ ဒေါက်တာဟိန်းထက်အေး၊ ကိုကိုဝင်း၊ သက်မွှေဝင်းနှင့် ဗညားရဲရင့်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုစစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ ဒုတိယဆုရရှိသူ ဒုတိယတပ်ကြပ်လှိုင်ဝင်းထွန်း၊ စတုတ္ထဆုရရှိသူ ဇော်မျိုးထွန်း၊ ပဉ္စမဆုရရှိသူ မြင့်မိုရ်ဦး(သဇင်)၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ဇာမဏီ၊ဒုတိယဆုရရှိသူ ကျော်ဆွေအောင်၊ တတိယဆုရရှိသူ မြင့်မိုရ်ဦး(သဇင်)၊ စတုတ္ထဆုရရှိသူ မြင့်မြတ်ဦး(မြဝတီ)၊ ပဉ္စမဆုရရှိသူ ရှိန်မြင့်ထက်(ဝါးကြီးအိုင်)၊ ကဗျာ(ဝါသနာရှင်)ပြိုင်ပွဲတွင် ပထမဆုရရှိသူ သက်ဝေ၊ ဒုတိယဆုရရှိသူ လုလင်(မှော်ဝန်းမြေ)၊ တတိယဆုရရှိသူ အန်ကယ်ပညာ၊ စတုတ္ထဆုရရှိသူ ရှိန်မြင့်ထက်(ဝါးကြီးအိုင်)၊ ပဉ္စမဆုရရှိသူ သဥ္ဇာညိုသင်း(လားရှိုး)၊ အထူးဆု (၁)ရရှိသူ ကျော့ဝင်း(မိုးညှင်း)၊ အထူးဆု(၂)ရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၃)ရရှိသူ သောင်းဌေး(တောင်တွင်း)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။



(၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "ခေါင်နီလေးတစ်ထည်"ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲ ကျင်းပစဉ်။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုကဗျာ(အလွတ်တန်း)ပြိုင်ပွဲတွင် ပထမဆုရရှိသူ ပုလောစိုးနှံ့သာ၊ ဒုတိယဆုရရှိသူ မြတ်ထွန်းနောင်၊ တတိယဆုရရှိသူ ညောင်ရွှေခင်မောင်မြ၊ စတုတ္ထဆုရရှိသူ အမောင်၊ ပဉ္စမဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ဂုဏ်ပြုဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသူ တက္ကသိုလ်မြမဥ္ဇူ၊ ဒုတိယဆုရရှိသူ နေဇင်(ပေါက်ခေါင်း)၊ပဉ္စမဆုရရှိသူ မျိုးမြင့်ရန်နောင်၊ အထူးဆု(၁)ရရှိသူ ယိမ်းနွဲ့လျှံ၊ အထူးဆု(၂)ရရှိသူ အမောင်၊ အထူးဆု(၃)ရရှိသူ မသန်းလွင်(ဟဲဟိုး)၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ရဲဘော် ထွန်းထွန်း(တနိုင်း)၊ ဒုတိယဆုရရှိသူ နွေကံ့ကော်(မြို့လှ)၊ တတိယဆုရရှိသူ မောင်မောင်လွင်(ရွှေဘိုသား)၊ စတုတ္ထဆုရရှိသူ မောင်လူစိမ်း(ကျုံပျော်)၊ပဉ္စမဆုရရှိသူ သန်းဝင်းထွန်း(ဆွာ)တို့အား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက တက်ရောက်လာကြသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မိသားစုက ကျွန်းရှေ့ဝါ နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ပထက်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မတ် ၂၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် မိသားစုက အလျား ပေ ၂၄၀၊အနံ ပေ ၃၀၊ အမြင့် ၂၄ ပေရှိ စာသင်ခန်း ၁၈ ခန်းပါ ကျွန်းရှေ့ဝါ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်မိသားစုက ကျွန်းရှေ့ဝါနှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ပထက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာတေးသီချင်းဖြင့်သီဆိုဖျော်ဖြေ၍ အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ် အလှူရှင် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်း၏သမိုင်းကြောင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မိသားစုက ကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ကွန်ပျူတာ ၁၀ စုံ၊ တိုင်းမှူးက ကွန်ပျူတာ ငါးစုံနှင့် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မိသားစုက ငွေကျပ် ၅၂၃ သိန်းတန်ဖိုးရှိ ကျောင်းသုံးပရိဘောဂပစ္စည်းများနှင့် စေတနာရှင် အလှူရှင်များက အလှူငွေ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**နံနက်စာကို အသားရော အသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် မတ် ၂၇ရက် တနင်္လာနေ့**

၁။ ၂၀၂၃ခုနှစ် မတ်၂၅ ရက် စနေနေ့ နံနက် ၆ နာရီခွဲခန့်တွင် ကရင်ပြည်နယ် မြဝတီမြို့ မြဝတီကုန်သွယ်ရေးဇုန်ကို KKO (ခွဲထွက်) အဖွဲ့နှင့် PDFအကြမ်းဖက်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၍ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ရာ ကုန်သွယ်ရေးဇုန်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သုံးဦး၊ အကောက်ခွန်ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး၍ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ကုန်သွယ်ရေးဇုန်အဆောက်အအုံနှင့် X-Ray စက်တို့ မီးလောင်ပျက်စီးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသာမက တစ်နိုင်ငံလုံးရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ကြသည့် ပြည်သူများ၏စားဝတ်နေရေးအတွက် အဓိကကုန်စည်ပို့ဆောင်ရာနေရာဖြစ်သော မြဝတီကုန်သွယ်ရေးဇုန်ကိုအနှောင့်အယှက်ပေးရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ဖျက်ဆီးခဲ့သည့်အကြမ်းဖက်အဖွဲ့များ၏ ဆင်ခြင်မှုကင်းမဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အပြစ်မဲ့ပြည်သူများစုဝေး၍ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့်နေရာများကို ရက်စက်ယုတ်မာစွာ ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့်ပစ်ခတ်ရန် စီစဉ်လျက်ရှိသည့် နေပြည်တော် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူ ဖမ်းဆီးရမိ



NLD ပါတီဝင် အုပ်ချုပ်ရေးမှူးဟောင်း တရားခံပြေး ဟန်စော်မင်းနှင့် ဇနီး ခင်မျိုးသက်တို့၏ မှတ်တမ်းဓာတ်ပုံ။



မတ် ၂၄ ရက်တွင် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ အဝေရာဆည်အနီးရှိ သရက်ခြံအတွင်း၌ ဖမ်းဆီးရမိခဲ့သည့် တရားခံ စိန်လွင်(ခ) မောင်စိန်(ခ) ဧရေ၏ မှတ်တမ်းဓာတ်ပုံ။



မတ် ၂၄ ရက်တွင် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအဝင်လမ်း အရှေ့ဘက်ရှိ တောင်ယာတဲ၌ ဖမ်းဆီးရမိခဲ့သည့် တရားခံ ဝင်းမျိုးထက်(ခ) ဝင်းနိုး(ခ) ဘီလား၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၂၇**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကိုရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ ဒလန်ဟုစွပ်စွဲကာဖမ်းဆီး၍ အကျပ်ကိုင်ခြင်း၊ ငွေကြေးတောင်းခံမှုများအပြင် ပြည်သူများအထိတ်တလန့်ဖြစ်စေရန်နှင့် သေကျေပျက်စီးစေရန် ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ ၁၀၇ မမရှော့တိုက်ဒုံးများဖြင့် အဝေးမှပစ်ခတ်ခြင်းတို့ကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့ ပြစ်မှုများကျူးလွန်လျက်ရှိသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ နေပြည်တော် PDF အမည်ခံအကြမ်းဖက်အဖွဲ့သည် (၇၈)နှစ်မြောက် တပ်မတော်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အပြစ်မဲ့ပြည်သူများစုဝေး၍ ပျော်ပွဲရွှင်ပွဲများပြုလုပ်နေသည့် နေရာများ၊ ခမ်းနားထည်ဝါစွာ စစ်ရေးပြအခမ်းအနားကျင်းပပြုလုပ်နေသည့် စစ်ရေးပြကွင်း(ရှမ်းစု) နေရာတို့ကိုရက်စက်ယုတ်မာသောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများ၊ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် အဝေးမှပစ်ခတ်ရန်စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေပြည်တော်ကောင်စီနယ်မြေအတွင်း ကွက်ပြည့်နင်း နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ အကြမ်းဖက်သမားများအားဖော်ထုတ်ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ မတ် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် အဝေးမှနှောင့်ယှက်ပစ်ခတ်ရန် စီစဉ်လျက်ရှိသည့် နေပြည်တော် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ **စိန်လွင်(ခ)မောင်စိန်(ခ)ဧရေ** ကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ အဝေရာဆည်အနီးရှိ သရက်ခြံအတွင်း၌ ၁၀၇ မမ ရှော့တိုက်ဒုံးတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စိန်လွင်(ခ) မောင်စိန်(ခ)ဧရေ**၏ ထွက်ဆိုချက်အရ ယင်းနေ့ နေ့လယ်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအဝင်လမ်း အရှေ့ဘက်ရှိ တောင်ယာတဲ၌ **ဝင်းမျိုးထက်(ခ)ဝင်းနိုး(ခ) ဘီလား**ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။တရားခံ **ဝင်းမျိုးထက်(ခ) ဝင်းနိုး(ခ) ဘီလား**၏ ထွက်ဆိုချက်အရ ၎င်း၏ယောက်ဖဖြစ်သူ NLD ပါတီဝင် အုပ်ချုပ်ရေးမှူးဟောင်း တရားခံပြေး **ဟန်စော်မင်း**နှင့် **ခင်မျိုးသက်**တို့လင်မယားပိုင်ဆိုင်သည့် ဇီးဖြူပင်ကျေးရွာရှိနေအိမ်ခြံဝင်းအတွင်း၌ ၁၀၇ မမ ရှော့တိုက်ဒုံးတစ်လုံး သိုဝှက်သိမ်းဆည်းထားကြောင်းဖော်ထုတ်သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ နေအိမ်ခြံဝင်းအတွင်းမြေမြှုပ်သိမ်းဆည်းထားသော ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံးကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၁၀၇ မမ ရှော့တိုက်ဒုံး နှစ်လုံး၏ ထိပ်ဖူးများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို အဝေရာဆည်အနီးနှင့် ဇီးဖြူပင်ရွာတို့၌ ဝှက်ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ အဝေရာဆည်အနီးချုံပုတ်အတွင်းမှ ၁၀၇ မမ ရှော့တိုက်ဒုံးထိပ်ဖူး နှစ်ခု၊ ဆားကစ်ပြားနှစ်ခုနှင့် Remote တစ်ခုတို့ကိုလည်းကောင်း၊ ဇီးဖြူပင်ရွာနေ တရားခံပြေး **သန်းထွန်း(ခ) ချင်းတွင်း**၏ နေအိမ်အတွင်းမှ MG-1 လက်ပစ်ဗုံး တစ်လုံး၊ လက်ပစ်ဗုံးစနက်တံ လေးခု၊ လျှပ်စစ်ဒီတိုနေတာ ၁၆ ခု၊ ယမ်းပျော့ လေးချောင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မတ် ၂၅ ရက် ညနေပိုင်းတွင် ဖမ်းဆီးရမိတရားခံများကို နေပြည်တော် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် ဖမ်းဆီးရန်ကျန် တရားခံ **ဗိုလ်တေ(ခ)ဟန်မင်းထွန်း**က ၁၀၇ မမ ရှော့တိုက်ဒုံးပစ်ခတ်နည်း သင်ကြားပေးခဲ့သည့် မရမ်းတောင်(အထက်)ကျေးရွာ အနီး၌ သိုဝှက်သိမ်းဆည်းထားသည့် ပစ္စတိုအပစ်လက်ကိုင် တစ်ခု၊စနိုက်ပါမှန်ပြောင်း တစ်ခု၊ PVC ပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး၊ ၁၂ ဗို့ကျည် ၁၄၆ တောင့်၊ ယမ်းပျော့ တစ်ချောင်း၊ ယမ်းမှုန့် ၅၀ ကျပ်သား၊ အစိမ်းရောင်ကျောပိုးအိတ် တစ်လုံး၊ပြောက်ကျားပုခက် လေးခု၊သေနတ်လွယ်ကြိုး တစ်ချောင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား နှစ်ဦးကို ၁၀၇ မမ ရှော့တိုက်ဒုံး နှစ်လုံး၊ ၁၀၇ မမ ရှော့တိုက်ဒုံးထိပ်ဖူး နှစ်ခု၊ ဆားကစ်ပြား နှစ်ခု၊ Remote တစ်ခု၊ ပစ္စတိုအပစ်လက်ကိုင် တစ်ခု၊ စနိုက်ပါမှန်ပြောင်း တစ်ခု၊ MG-1 လက်ပစ်ဗုံး တစ်လုံး၊ လက်ပစ်ဗုံး စနက်တံ လေးခု၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး၊ ၁၂ ဗို့ကျည် ၁၄၆ တောင့်၊ လျှပ်စစ်ဒီတိုနေတာ ၁၆ ခု၊ ယမ်းပျော့ ငါးချောင်း၊ ယမ်းမှုန့် ၅၀ ကျပ်သား၊ အစိမ်းရောင်ကျောပိုးအိတ် တစ်လုံး၊ပြောက်ကျားပုခက် လေးခု၊သေနတ်လွယ်ကြိုး တစ်ချောင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တရားခံ စိန်လွင်(ခ) မောင်စိန်(ခ)ဧရေနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ၁၀၇ မမ ရှော့တိုက်ဒုံးတစ်လုံး၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ စာမျက်နှာ ၂၈ သို့






မတ် ၂၄ ရက်တွင် ပျဉ်းမနားမြို့နယ် စီးဖြူပင်ကျေးရွာရှိ NLD ပါတီဝင် တရားခံပြေး ဟန်ဇော်မင်း၏ နေအိမ်ခြံဝင်းအတွင်းမှ သိမ်းဆည်းရမိသည့် ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံး၏မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၇ မှအဆက်**

၎င်းတို့နှစ်ဦးသည် NLD ပါတီဝင် အုပ်ချုပ်ရေးမှူးဟောင်း တရားခံပြေး **ဟန်ဇော်မင်း**၏ ချိတ်ဆက်ပေးမှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ဝန်းကျင်တွင် လှုပ်ရှားလျက်ရှိသောဖမ်းဆီးရန်ကျန် **တရားခံ ဗိုလ်တေဇ(ခ)ဟန်မင်းထွန်း** ခေါင်းဆောင်သည့် နေပြည်တော် PDF အမည်ခံအကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း၊ မတ် ၂၂ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ဗိုလ်တေဇ(ခ)ဟန်မင်းထွန်း၊ စိန်လွင်(ခ)မောင်စိန်(ခ)စရေနှင့် ဝင်းမျိုးထက်(ခ)ဝင်းနိုး(ခ)ဘီလား**တို့ သုံးဦးသည် မော်တော်ဆိုင်ကယ် နှစ်စီးဖြင့် ၁၀၇ မမ ရှော့တိုက်ဒုံး နှစ်လုံးနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သယ်ဆောင်၍ ဖယ်ခုံမြို့ဝန်းကျင်မှ ပျဉ်းမနားမြို့နယ် မရမ်းတောင်(အထက်)ကျေးရွာသို့ လာရောက်ခဲ့ပြီး မရမ်းတောင်(အထက်)ကျေးရွာအနီးတောအတွင်း၌ ၁၀၇ မမ ရှော့တိုက်ဒုံးတပ်ဆင်ပုံနှင့် ပစ်ခတ်နည်းအဆင့်ဆင့်ကို လေ့ကျင့်သင်ကြားခဲ့ကြောင်း၊ ၎င်းနောက် ၁၀၇ မမရှော့တိုက်ဒုံး နှစ်လုံးနှင့်ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို နေရာလေးနေရာခွဲ၍ သိုဝှက်သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ နေပြည်တော် PDF အမည်ခံအကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန်တရားခံ **ဗိုလ်တေဇ(ခ)ဟန်မင်းထွန်း**၏ စေခိုင်းမှုဖြင့် သိမ်းဆည်းရမိ ၁၀၇ မမ ရှော့တိုက်ဒုံးများနှင့် ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုကာရက်စက်ယုတ်မာသောအကြံဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေပျက်စီးစေရန်ရည်ရွယ်၍ (၇၈)နှစ်မြောက်တပ်မတော်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အပြစ်မဲ့ပြည်သူများစုဝေး၍ ပျော်ပွဲရွှင်ပွဲများပြုလုပ်နေသည့်နေရာများ၊ ခမ်းနားထည်ဝါစွာ စစ်ရေးပြအခမ်းအနားကျင်းပပြုလုပ်နေသည့် စစ်ရေးပြကွင်း(ရှမ်းစု)နေရာတို့ကို အချိန်ကိုက်ပစ်ခတ်ဖောက်ခွဲခြင်းများလုပ်ဆောင်ရန် စီစဉ်ထားသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုတင်သတင်းလက်ဦးမှုရယူကာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် အချိန်မီတားဆီးကာကွယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး ၎င်းတို့နှင့်သက်ဆိုင်သည့်ဆက်စပ်တရားခံများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကိုထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။





မတ် ၂၄ ရက်တွင် ပျဉ်းမနားမြို့နယ် စီးဖြူပင်ကျေးရွာ အဝေးရာဆည်အနီး ချုံပုတ်အတွင်းမှ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



မတ် ၂၄ ရက်တွင် တရားခံပြေး သန်းထွန်း(ခ)ချင်းတွင်း ပိုင်ဆိုင်သည့် ပျဉ်းမနားမြို့နယ် စီးဖြူပင်ကျေးရွာရှိ နေအိမ်အတွင်းမှ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



မတ် ၂၅ ရက်တွင် ပျဉ်းမနားမြို့နယ် မရမ်းတောင်(အထက်)ကျေးရွာအနီး၌ သိမ်းဆည်းရမိခဲ့သည့် ခဲယမ်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်းဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်မျှဝေခြင်း၊အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့်ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၇)နေ စိုးကိုကိုလင်း(ခ)စိုးကိုလင်းသည်၎င်းအသုံးပြုသည့် "Soe Ko Lin" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန် GDLS ကုမ္ပဏီက TRX SHORAD စက်ရုပ်-လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို ပြသမည်



အမေရိကန်ကုမ္ပဏီ GDLS (General Dynamics Land Systems) သည် ၎င်း၏တာတိုပစ် TRX SHORAD ၁၀ တန်အလေးချိန်ရှိ ချိန်းတပ်စက်ရုပ် (TRX) နည်းပညာသရုပ်ပြယာဉ်ပေါ်တွင် အခြေခံတပ်ဆင်ထားသည့် တာတိုပစ်၊ စက်ရုပ်-လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို ထုတ်ဖော်ပြသမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ Alabama ပြည်နယ်၊ Huntsville ရှိ Von Braun Center ၌ မတ် ၂၈ ရက်မှ ၃၀ ရက်ထိ ပြုလုပ်ရန် စီစဉ်ထားသည့် အမေရိကန်ကြည်းတပ်၏ Global Force ပြပွဲတွင် TRX မူကွဲ စက်ရုပ်လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို ပထမဆုံးအကြိမ် မိတ်ဆက်ပြသသွားမည်ဖြစ်သည်။

အလေးချိန် ၁၀ တန်ရှိ ချိန်းတပ်စက်ရုပ် Robot (TRX) နည်းပညာသရုပ်ပြယာဉ်သည် Robotic Combat Vehicle စက်ရုပ်တိုက်ယာဉ် တစ်နည်းအားဖြင့် မောင်းသူမဲ့တိုက်ယာဉ်တစ်စီး ထုတ်လုပ်ရန်အတွက် ကြည်းတပ်၏ရည်မှန်းချက်များကို အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ TRX မျိုးကွဲသည် Land Systems ၏ တန်ပြန်မောင်းသူမဲ့လေယာဉ်စနစ်ယာဉ်များ ထုတ်လုပ်ရာတွင် နောက်ဆုံးပေါ် တီထွင်ထုတ်လုပ်မှုတစ်ရပ်လည်းဖြစ်သည်။

TRX SHORAD စက်ရုပ်လေကာစနစ်သည် SHORAD တပ်ဖွဲ့များအတွက် ဆန်းသစ်သောတိုက်ခိုက်ရေးစွမ်းရည်ကို မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး အလွှာပေါင်းစုံ လေကြောင်းရန်ကာကွယ်ရေးစနစ်အတွင်း အမိုအခိုကင်းရပ်တည်လုပ်ဆောင်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးသွားနိုင်မည်ဖြစ်သည်။ မည်သည့်စနစ်မျိုးနှင့်မဆို ပေါင်းစည်းတပ်ဆင်အသုံးပြုရန်အတွက် Payload To Chassis 1:1 ဖြင့် ယာဉ်ကို ဒီဇိုင်းဖွဲ့စည်းတည်ဆောက်ထားသည်။ ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရန် Payload ဖွဲ့စည်းပုံအမျိုးမျိုးနှင့်အတူ လျင်မြန်စွာလှုပ်ရှားစစ်ကစားနိုင်စွမ်းရှိသော TRX စက်ရုပ်ယာဉ်ကို CH-47 နှင့် C-130 လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးနိုင်သည်။

TRX SHORAD စနစ်တွင်Stinger မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို ပစ်လွှတ်ရန် ဒီဇိုင်းထုတ်ထားသည့်ဒုံးကျည်လေးလက်တပ် ဒုံးပစ်လောင်ချာတစ်စုံနှင့် 30mm အလိုအလျောက်လေယာဉ်ပစ်စက်အမြောက်တစ်လက်တို့ တပ်ဆင်ထားသည့် အဝေးထိန်း လက်နက်စခန်းတစ်ခုပါရှိသည်။ ပခုံးထမ်း၊ အပူငွေ့ရှာ၊ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (SAM) Stinger ကို အနိမ့်ပျံလေယာဉ်များနှင့် ရဟတ်ယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ရန် အဓိက အသုံးပြုထားသည်။

GDLS ထုတ် ချိန်းတပ်စက်ရုပ် TRX သည် စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာ ရည်ရွယ်ချက်များစွာအတွက် တီထွင်ထုတ်လုပ်ထားသော Robotic Platform စနစ်တစ်ခုဖြစ်သည်။ ချိန်းတပ် TRX စက်ရုပ်သည် စစ်ဆင်ရေးနယ်မြေများအတွင်း သီးခြားရည်မှန်းချက်များတာဝန်ထမ်းဆောင်နိုင်ရန် မတူညီသော စက်ကိရိယာများနှင့် Payload များကို ပေါင်းစည်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကင်းထောက်ခြင်း၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ပေးခြင်းနှင့် တိုက်ခိုက်ခြင်းစသည့် ဘက်စုံအသုံးပြုနိုင်မည်ဖြစ်သည်။

အလေးချိန် ကီလိုဂရမ် ၁၀၀၀၀ ဘက်စုံသုံးချိန်းတပ် အောက်ခံယာဉ်ပေါ်တွင် အခြေခံတည်ဆောက်ထားခြင်းဖြစ်ကာ ဝန်တင်ဆောင်နိုင်မှု ကီလိုဂရမ် ၄၅၀ ဖြစ်သည်။ ၎င်းစက်ရုပ်သည် ဟိုက်ဘရစ်ပါဝါစနစ်တွင် ဒီဇယ်အင်ဂျင်၊ ဘက်ထရီနှင့် လျှပ်စစ်မော်တာများဖြင့် ပေါင်းစပ်လုပ်ဆောင်ထားခြင်းဖြစ်သည်။အဆိုပါ ဟိုက်ဘရစ်ပါဝါစနစ်အသုံးပြုထားခြင်းကြောင့် ထူးခြားသော မြေပြင်ရွေ့လျားနိုင်မှုကို အာမခံနိုင်ကာ စနစ်များနှင့် Payload အတွက် စွမ်းအင်ပေးဆောင်ရန် လုံလောက်သည်။

**GDLS from US unveils its new TRX SHORAD robotic air defense system ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နိုင်ငံက စွမ်းအားကုန်ယူရေနီယံဖြင့်ပြုလုပ်ထားသော တင့်ကားသုံးခဲယမ်းများ ယူကရိန်းသို့ ပံ့ပိုးပေးမည်

ဗြိတိန်သည် စွမ်းအားကုန်ယူရေနီယံဖြင့် ပြုလုပ်ထားသော တင့်ကားသုံးခဲယမ်း၊ ကျည်များကို ယူကရိန်းသို့ ပံ့ပိုးပေးမည်ဟု ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန (DoD) က မတ် ၂၅ ရက်က အတည်ပြုခဲ့ကြောင်း The Defense Post တွင် ရေးသားဖော်ပြထားသည်။

စွမ်းအားကုန်ယူရေနီယံ Depleted Uranium (DU) ဖြင့် ပြုလုပ်ထားသည့် တင့်ကားကျည်များသည် တင့်ကားစစ်ဆင်ရေးတွင် အသုံးပြုသည့် သံချပ်ကာဖောက်ကျည်အမျိုးအစားဖြစ်သည်။ ၎င်းတင့်ကားကျည်များသည် နျူကလီးယားစွမ်းအင်နှင့် လက်နက်များအတွက် ယူရေနီယံကြွယ်ဝစေရန်အသုံးပြုသည့် လုပ်ငန်းစဉ်၏အကျိုးဆက်အားဖြင့် စွမ်းအားကုန်ယူရေနီယံဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ကုန်ဆုံးသွားသော ယူရေနီယံသည် ခဲထက် ပိုမိုသိပ်သည်းပြီး ၎င်းသည်သံချပ်ကာဖောက်သည့်ကျည်၊ ခဲယမ်းများအတွက် စံပြပစ္စည်းတစ်ခုဖြစ်သည်။

DU တင့်ကားကျည်များသည် တင့်ကားများနှင့် အခြားသံချပ်ကာယာဉ်များကဲ့သို့သော သံချပ်ကာပစ်မှတ်များကို ထိုးဖောက်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားသည်။ DU တင့်ကားကျည်သည် ပစ်မှတ်ကို ထိမှန်သောအခါ ရိုက်ခတ်မှုမှ အရွေ့စွမ်းအင်သည် ကုန်ဆုံးသွားသော ယူရေနီယံကို စွမ်းအင်အဖြစ်အသုံးပြုပြီး သံချပ်ကာကို ထိုးဖောက်တိုက်ခိုက်နိုင်စေခြင်းဖြစ်သည်။ ထိုးဖောက်ဝင်ရောက်လာသည့် DU ကျည်၊ ခဲယမ်းသည် သံချပ်ကာအတွင်း သိုလှောင်ထားသည့်လောင်စာ သို့မဟုတ် ခဲယမ်းမီးကျောက်များကို လောင်ကျွမ်းစေသည့်အပြင် တပ်ဖွဲ့ဝင်များကို သေဆုံးစေခြင်း သို့မဟုတ် ဒဏ်ရာရစေခြင်းတို့ဖြစ်ပေါ်စေနိုင်သည်။

DU တင့်ကားကျည်ဖြင့် ပစ်မှတ်တစ်ခုကိုထိမှန်သောအခါ ၎င်းကို ရှူသွင်းလိုက်လျှင် သို့မဟုတ် မျိုချမိပါက အဆိပ်ဖြစ်စေနိုင်သည့် ယူရေနီယံအမှုန်အမွှားများကို ထုတ်လုပ်ပေးနိုင်သည်။ ထို့ပြင် စွမ်းအားကုန်ယူရေနီယံသည် ရေဒီယိုသတ္တိကြွမှုအနည်းငယ်ဖြစ်ပေါ်တတ်သောကြောင့် လူသားများ၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်အကျိုးသက်ရောက်မှုများအပေါ် စိုးရိမ်မှုများ တိုးပွားစေသည်။ ရလဒ်အနေဖြင့် အချို့နိုင်ငံများတွင် DU ခဲယမ်းမီးကျောက်အသုံးပြုမှုကို ကန့်သတ်ရန်တောင်းဆိုခဲ့ပြီး အချို့နိုင်ငံများသည် သံချပ်ကာပစ်မှတ်များကို ပြင်းထန်စွာတိုက်ဖျက်နိုင်သောကြောင့်၎င်းကို ဆက်လက်အသုံးပြုနေကြသည်။

စွမ်းအားကုန်ယူရေနီယံပါဝင်သော DU တင့်ကားကျည်များသည် အထူးသဖြင့် သံချပ်ကာပစ်မှတ်များကို တိုက်ခိုက်ရာတွင် ဆွဲဆောင်မှုရှိသောရွေးချယ်မှုတစ်ခုဖြစ်ပြီး အားသာချက်များစွာရှိသည်။




ခဲယမ်းအမျိုးအစားသည် ခဲထက် ၁ ဒသမ ၇ ဆခန့်ပိုမိုသိပ်သည်းပြီး သံမဏိထက် ၂ ဒသမ ၄ ဆပိုမိုသိပ်သည်းသဖြင့် ၎င်းသည် သံချပ်ကာဖောက်တိုက်ခိုက်ရေးဒုံးကျည်များအတွက် အထူးကောင်းမွန်သောသတ္တုပစ္စည်းဖြစ်သည်။ သိပ်သည်းဆမြင့်မားမှုသည် DU တင့်ကားကျည်များကို မြင့်မားသောအလျင်နှုန်းတွင်ပင် ၎င်းတို့၏ ပုံသဏ္ဌာန်နှင့်စွမ်းဆောင်ရည်ကို ထိန်းသိမ်းနိုင်ကာ သံချပ်ကာဖောက်ထွင်းအား ပိုမိုကောင်းမွန်စေသည်။

DU တင့်ကားကျည်သည် ပစ်မှတ်ကို ထိမှန်သောအခါ အခြားကျည်၊ ခဲယမ်းများကဲ့သို့ ပုံပျက်သွားခြင်း သို့မဟုတ် မှို ပုံသဏ္ဌာန်ဖြာထွက်သွားခြင်းမျိုးမဟုတ်ဘဲ တစ်စုတစ်စည်းတည်း ထိုးဖောက်တိုက်ခိုက်နိုင်သည့် ထူးခြားသောဝိသေသလက္ခဏာမျိုးရှိသည်။ ၎င်းအပြုအမူသည် ပစ်မှတ်ကို ထိုးခွဲဖြတ်သွားသည်နှင့် ကျည်၏ချွန်ထက်သောပုံသဏ္ဌာန်ကို ဆက်လက်ထိန်းသိမ်းထားသောကြောင့် သံချပ်ကာဖောက်ရာတွင် ပိုမိုထိရောက်စေခြင်းလည်းဖြစ်သည်။

**Overview of depleted-uranium tank rounds to be delivered by UK to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး




အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃
၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာတော်ကျော်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ
အထူးစီမံထုတ်လုပ်ထားပါသည်။



# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)







CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများလူသုံးကုန်ပစ္စည်းများ
အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများအသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေး
ကောင်းမွန်သော နေပူခံကျောက်ပြား အိမ်တွင်းအလှဆင်
ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး) - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၆၉၉၅၄


## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ ဧရိယာ (၃. ၉၂၅)ဧကနှင့် မြေကွက်အမှတ် (၂-ခ)၊ ဧရိယာ (၁. ၆၀၈)ဧကအကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် Mandalay Garden City Co.,Ltd မှ ဆောက်လုပ်ထားသော Garden City Apartment Complex ၏ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၂)၊ (၇)လွှာ၊ (၆၀၅) စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းသွယ်တန်းတပ်ဆင်ထားသည့် ပစ္စည်းရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ရှိသူ ဦးဇာနည်သန့် (ဘ) ဦးမျိုးသန့်အောင် (၉/ပကခ(နိုင်)၀၀၁၂၃၆)ထံမှ ဒေါ်မွေးခင် (ဘ) ဦးကျင်ကျောင် (၁၃/နခန(နိုင်)၀၈၀၅၂၅)က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မွေးခင် (ဘ) ဦးကျင်ကျောင် (၁၃/နခန(နိုင်)၀၈၀၅၂၅)
09-776666581

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ မင်းနိုင် (ဘ) ဦးကျော်မြွေး (၉/မခန(နိုင်)၂၆၅၅၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၄၈၈၀၉၁၀

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ မိုးဝင်း (ဘ) ဦးကျော်အေး (၉/မခန(နိုင်)၂၀၃၉၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၄၈၈၀၉၁၀

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့နယ်နေ ဒေါ်ဓာဓာမာကာလာ (ဘ)ဦးအောင်(လ်)ဗဟာဒူး (၉/မကန(နိုင်)၀၁၃၅၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၆၃၅၇၅၁

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ထိန်စင်းကျေးရွာနေ မဟေမာစိုး(ဘ) ဦးဇိုးမြင့် (၈/ခမန(နိုင်)၁၆၉၁၁၅) (Passport No. MF 258229)၏ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC Card) (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၆၇၇၃၆၄၇၇

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်နေ ဇော်ထက်အောင်(ဘ)ဦးစိုးမင်းကျော်(၉/ပကခ(နိုင်)၁၂၉၃၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၆၃၅၇၅၁

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ ဝင်းမင်းထွန်း (ဘ) ဦးမြင့်ဦး (၉/မခန(နိုင်)၂၉၄၀၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၆၃၅၇၅၁

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၀၉ (ရုံးချိန်အတွင်း)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ မသန္တာစိုး (ဘ) ဦးတင်စိုးဝင်း (၁/ကမန(နိုင်)၀၅၁၂၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၀၀၆၅၅၅

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ မဇင်မာစိုး (ဘ) ဦးတင်စိုးဝင်း (၁/ကမန(နိုင်)၀၅၁၂၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၅၀၇၄၁၁၁

## ပျောက်ဆုံးကြောင်း

ရွှေဘိုးကြီးမြို့နယ်နေ သက်နိုင် (ဘ) ဦးကြည်ရှိန် (၉/နထက(နိုင်)၁၇၇၅၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၇၂၈၇၇၄

## ပျောက်ဆုံးကြောင်း

ရွှေဘိုးကြီးမြို့နယ်နေ တင်ထွေးအောင် (ဘ) ဦးဖိုးနီ (၉/နထက(နိုင်)၂၁၁၀၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၇၂၈၇၇၄

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(**NCA**)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(**MSME**)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်…

❖ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိ…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## (၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

စာမျက်နှာ - ၂၂

# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အဖြစ် စာမျက်နှာ ၂၃ ကော်လံ ၁ ☆